# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် ၂၉ ရက်၊ စနေနေ့ | အတွဲ (၅၉)၊ အမှတ် (၃၃၁)


## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသိပေးကြေညာချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး**

**အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသိပေးကြေညာချက်**

**၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၈ ရက်)**

Coronavirus Disease 2019 (COVID –19) ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID –19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့/တိုးမြှင့်ရန် လိုအပ်သည့် ကိစ္စရပ်များမပါ) အား ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# ရခိုင်ပြည်နယ်တွင် ရိက္ခာပြတ်လပ်မှုမရှိစေရန် လိုအပ်သည့် ရိက္ခာများကို ရနိုင်သည့်နည်းလမ်းဖြင့် ပို့ပေးမည်

# အရေးကြီးလျှင် သွေးစည်းလိုသည့်၊ ကူညီလိုသည့် စိတ်ဓာတ်ရှိသည့်အတွက် လုံလုံလောက်လောက် ပံ့ပိုးပေးနိုင်မည်





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ်အတွင်း COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးညီပု၊ ရခိုင်ပြည်နယ် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာစိုင်းဝင်းဇော်လှိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်မှ စစ်တွေမြို့သို့ ရောက်ရှိနေသည့် Volunteer စောသော်မိုးအယ်တို့နှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံပြီး လက်တွေ့အခြေအနေများကို အပြန်အလှန် ဆွေးနွေးစဉ်။ သတင်းစဉ်

နေပြည်တော် ဩဂုတ် ၂၈

Coronavirus Disease 2019(COVID–19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ရခိုင်ပြည်နယ်အတွင်း COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးညီပု၊ ရခိုင်ပြည်နယ် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာစိုင်းဝင်းဇော်လှိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်မှ စစ်တွေမြို့သို့ ရောက်ရှိနေသည့် Volunteer စောသော်မိုးအယ်တို့နှင့် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံပြီး လက်တွေ့အခြေအနေများကို အပြန်အလှန် ဆွေးနွေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑

**“ရခိုင်ပြည်နယ်နှင့် ပတ်သက်၍လည်း မိမိတို့အနေဖြင့် အရေးပေါ်စီမံကိန်းများ ချမှတ်ထားပြီးဖြစ်၊ ယခုကဲ့သို့ ဖြစ်ပွားသည့်အခါ ချက်ချင်းအကောင်အထည်ဖော် ဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိ၊ ထိုသို့လုပ်ဆောင်ချက်များတွင် အရေးအကြီးဆုံးကိစ္စသည် ရောဂါမပြန့်ပွားရေးဖြစ်”**




မြန်မာ့အလင်း

# ဖြဟ္မစိုရ်တရားနှင့် ယှဉ်သော စည်းလုံးညီညွတ်ကြသော ပြည်သူ့အင်အားဖြင့်

စစ်တွေမြို့မှ စတင်ကာ တစ်ကျော့ပြန် ကူးစက်ပြန့်ပွားလာနေသည့် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးပျံ့နှံ့မှုသည် စိုးရိမ်ပူပန်စရာ ဖြစ်လာသည်။

ထိုသို့သော ကူးစက်ပြန့်ပွားမှုသတင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကြေညာလိုက်သည့်အခါ ဗိုင်းရပ်စ်ရောဂါပိုး၏ အန္တရာယ်နှင့်ပတ်သက်၍ အတော်ပင် မေ့လျော့အေးစက်နေကြသည့် လူထုမှာ ရုတ်တရက် လှန့်နှိုးလိုက်သကဲ့သို့ နိုးကြားသွားကြပါသည်။ မြို့ကြီးများ၏ လမ်းမများထက်တွင် မျက်နှာဖုံး၊ နှာခေါင်းစည်းကိုယ်စီကိုယ်စီဖြင့် လူအများအပြားကို ပြန်လည်တွေ့မြင်လာရလေသည်။

ထိုသို့သော ကျန်းမာရေးသတိများ နိုးကြားလာသည်နှင့်အတူ မြန်မာလူမျိုးတို့၏ ဖြဟ္မစိုရ်တရားရှိမှုကို နိုင်ငံအနှံ့ တွေ့မြင်လာရပါသည်။ အထူးသဖြင့်မူ ကိုဗစ်ရောဂါ၏ ခြိမ်းခြောက်မှုပေါ်လာသည်နှင့် ယှဉ်တွဲလျက် ပြည်သူလူထု၏ မေတ္တာစေတနာ၊ ကရုဏာစိတ်တို့ လွှမ်းခြုံနေသည့် လူမှုဝန်းကျင်အဖြစ် ပြောင်းလဲသွားခြင်းပင်။

စေတနာ့ဝန်ထမ်း ဆရာဝန်များက ၎င်းတို့၏ သဘောဆန္ဒဖြင့် ရောဂါပိုးပြန့်ပွားနေသည့် ဒေသများသို့ သွားရောက်ရန် ဆုံးဖြတ်အဆိုပြုကြ၏။ ရောဂါပိုးကူးစက်မှု ဖြစ်နိုင်ခြေရှိသူများကို ခွဲခြားစစ်ဆေးရန်၊ သီးခြားခွဲထားရာတွင် ကူညီလုပ်ကိုင်ဆောင်ရွက်ရန် အစရှိသည့် လုပ်ငန်းဆောင်တာများအတွက် စေတနာ့ဝန်ထမ်းအဖြစ် သွားရောက်ကူညီရန် စာရင်းပေးကြသူများကို နိုင်ငံတော်အစိုးရက စီစဉ်ပို့ဆောင်ပေးနေသည့် သတင်းများက လူတကာပါးစပ်ဖျားတွင် ရေပန်းစားနေသည်။

ကိုဗစ်ရောဂါပိုး စတင်ဝင်ရောက်လာစဉ်ကလည်း မြန်မာနိုင်ငံသည် ပြည်သူလူထုထားရှိသည့် အသိစိတ်ဓာတ်၊ တာဝန်ရှိသူများ ထုတ်ပြန်သော စည်းကမ်းဥပဒေများကို လိုက်နာကြမှု၊ ကပ်ရောဂါအရေးကို အများပြည်သူအရေး၊ မိမိတို့အားလုံး၏အရေးအဖြစ် သဘောထားကာ ပါဝင်ကူညီဝိုင်းဝန်းလိုမှုများကြောင့် နိုင်ငံတကာ၌ ကူးစက်မှုအရှိန် များစွာမြင့်မားနေချိန်မှာပင် မြန်မာနိုင်ငံအတွင်း ရောဂါပိုးကူးစက်မှု နည်းပါးခဲ့ပါသည်။

ယခုလို ပြည်သူလူထုက နှာခေါင်းစည်းများ ဝတ်ဆင်လာကြခြင်း၊ ဆေးရုံသုံး နှာခေါင်းစည်းများကို ဝိုင်းဝန်းလှူဒါန်းကြခြင်း၊ စေတနာ့ဝန်ထမ်းကူညီလိုသူတို့ များစွာပေါ်ထွက်လာခြင်းတို့က ရောဂါပိုးကူးစက်မှုကို ထိန်းချုပ်လျှော့ချနိုင်လိမ့်မည်ဟု ယူဆပါသည်။ တာဝန်ယူဆောင်ရွက်နေသူများ၏ စိတ်စေတနာကို ယုံကြည်ကြသော ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကလည်း ရောဂါထိန်းချုပ်ကာကွယ်ရာတွင် များစွာတာသွားသည်ကို တွေ့ရပါမည်။

လူသားတစ်ယောက်အဖြစ် လူ့အသိုက်အမြုံအတွင်း၌ ရှင်သန်ကြသည့်အခါ မိမိတို့လူ့လောက ပိုမိုတိုးတက်မြင့်မားရေး၊ ငြိမ်းအေးသာယာရေးတို့အတွက် ပါဝင်ဆောင်ရွက်ရန် တာဝန်များ၊ ဝတ္တရားများရှိနေသည်ဟု နားလည်စိတ်ရှိကြပါသည်။

မိမိအကျိုး၊ မိမိ မိသားစုအသိုင်းအဝိုင်း၏ အကျိုး၊ လူ့လောက၏ အကျိုးကို ဝိုင်းဝန်းဆောင်ရွက်ကြမည်ဟူသည့် အသိစိတ်က လူတို့၏ရင်တွင်း၌ ကိန်းဝပ်နေလေ့ရှိပါသည်။ အတ္တဟိတ၊ ပရဟိတ၊ လောကဟိတဟု ဆိုလေ့ရှိ၏။

ဤသို့သော လူမှုဝန်းကျင်နှင့် လောကကောင်းကျိုးကို ဝိုင်းဝန်းဆောင်ရွက်သည်ဆိုခြင်းမှာ လူမျိုး၊ ဘာသာ၊ ကိုးကွယ်ယုံကြည်မှုတို့နှင့်မဆိုင်ပါချေ။ လူသားချင်းစာနာထောက်ထားခြင်း၊ ကူညီဝိုင်းဝန်းကာ ကောင်းကျိုးဆောင်ခြင်းဆိုသည်မှာ လူမျိုးဘာသာယုံကြည်မှုတို့နှင့် ဆက်နွှယ်ပတ်သက်စရာ အကြောင်းမရှိ။ မြန်မာနိုင်ငံသားတို့၏ ဓလေ့အရ လူသားချင်းကူညီဆောင်မခြင်းဆိုသည်မှာ အထူးအဆန်းမဟုတ်။ ရိုးရာယဉ်ကျေးမှု လုပ်ရိုးလုပ်စဉ်ဟုပင် ဆိုနိုင်ပါသည်။

ထိုသို့သော လူ့တာဝန် ကျေပွန်လိုစိတ်တို့ဖြင့် စနစ်တကျ လက်ဆေးခြင်း၊ လူစုလူဝေးမဖြစ်ပွားအောင်နေထိုင်ခြင်း၊ မဖြစ်မနေ အပြင်ထွက်ရလျှင် နှာခေါင်းစည်းမျက်နှာဖုံးများ ဝတ်ဆင်ခြင်း၊ လူချင်းဆက်ဆံပြောဆိုရာတွင် ခြောက်ပေအနည်းဆုံးခွာ၍ နေခြင်းစသည့် နေထိုင်မှုပုံစံဖြင့် ရောဂါပိုးကာကွယ်ကြမည်။ လိုအပ်သည့် အကူအညီများကို ဝိုင်းဝန်းတာဝန်ယူကြသည့် ဖြဟ္မစိုရ်တရားဖြင့် ကိုဗစ်ရောဂါပိုးပြန့်ပွားမှု ဒုတိယလှိုင်းကို ကျော်ဖြတ်နိုင်ကြပါစေသတည်း။ ။

# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ဒုတိယအကြိမ် ဆွမ်းဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၈**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၏ ဒုတိယအကြိမ် ဆွမ်းဆက်ကပ် လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်တွင် ကျင်းပသည်။



ဆွမ်းဆက်ကပ်ပွဲတွင် ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်များထံမှ ပရိတ်တရားတော်များ နာယူကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့်ဇနီး ဒေါ်စန္ဒာလွင်က လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ ဆွမ်းဆက်ကပ်ပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# စကားပြန်သင်တန်းအမှတ်စဉ် (၄/၂၀၂၀) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၂၈**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ယနေ့မွန်းလွဲ ၃ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အရာထမ်းငယ်များ အရည်အသွေးမြင့်မားစေရေးအတွက် The Asia Foundation နှင့် ပူးပေါင်း စီစဉ်ဖွင့်လှစ်သည့် စကားပြန်သင်တန်း အမှတ်စဉ် (၄/၂၀၂၀) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

သင်တန်းဆင်းပွဲ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနအသီးအသီးမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းသား သင်တန်းသူများကို သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ပြီး သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ အရာထမ်းငယ်များအတွက် စကားပြန်သင်တန်းကို ဩဂုတ် ၁၀ ရက်မှ ၂၈ ရက်အထိ ရက်သတ္တပတ် သုံးပတ်ကြာ ဖွင့်လှစ်ခဲ့ရာ နိုင်ငံခြားရေးဝန်ထမ်းဌာနစုမှူး (၂)အဆင့်မှ လက်ထောက်ညွှန်ကြားရေးမှူးအဆင့်အထိ အရာထမ်း ၁၀ ဦး ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# တောင်သူလယ်သမားများသို့ အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံအများစုတွင် (၂၀၂၀) ပြည့်နှစ် မိုးရာသီအတွင်း စီးဝင်ရေပမာဏမှာ ယခင်နှစ်များက ကာလတူပမာဏထက် နည်းပါးလျက်ရှိသည့်အတွက် သိုလှောင်ရေပမာဏမှာလည်း လျော့နည်းကျဆင်းလျက်ရှိပါသည်။

ထို့ပြင် ယခုနှစ် မိုးရာသီတွင် မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် ပုံမှန် မိုးစပါးစိုက်ပျိုးရေပေးဝေခြင်းအပြင် ယခင် မိုးစပါးစိုက်ပျိုးရေပေးဝေရန် မလိုအပ်သည့် မိုးကောင်းသောက်ဒေသများတွင်လည်း ဖြည့်စွက်ရေများ ပေးဝေနေရသည့် အခြေအနေများ ကြုံတွေ့နေရပါသဖြင့် ယခုနှစ်လျာထား မိုးစပါးစိုက်ဧကများ ပြည့်မီစွာ ရေပေးဝေနိုင်ရန်နှင့် လာမည့်နွေစပါးရာသီတွင်လည်း ဆည်အတွင်း ကျန်ရှိသိုလှောင်ရေဖြင့် နွေစပါးနှင့် အခြားသီးနှံများ ယခင်နှစ် လျာထားပမာဏများအတိုင်း ပြည့်မီစွာစိုက်ပျိုးရေပေးဝေနိုင်ရန်နှင့် သောက်သုံးရေလုံလောက်စွာ ပေးဝေနိုင်ရန်အတွက် ရေအသုံးချသူများအဖွဲ့များနှင့်အတူ ဆည်ရေကို စနစ်တကျ ချွေတာသုံးစွဲလျက်ရှိသည့်အပြင် အားလုံးသော တောင်သူလယ်သမားများနှင့် ပြည်သူများမှလည်း မိမိတို့ဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာဌာနများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၈**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# ပြည်သူသာလျှင် အဓိက



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ်အတွင်း COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးညီပု၊ ရခိုင်ပြည်နယ် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာစိုင်းဝင်းဇော်လှိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်မှ စစ်တွေမြို့သို့ ရောက်ရှိနေသည့် Volunteer စောသော်မိုးအယ်တို့နှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံပြီး လက်တွေ့အခြေအနေများကို အပြန်အလှန် ဆွေးနွေးစဉ်။ သတင်းစဉ်

❑ *ရွှေဖုံးမှ*

ရှေးဦးစွာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားရာတွင် ပြည်ထောင်စု၏ မည်သည့်နေရာတွင် ဖြစ်ပွားသည်ဖြစ်စေ ပြည်ထောင်စုနှင့် သက်ဆိုင်ပါကြောင်း၊ မိမိတို့နိုင်ငံ မည်သည့်နေရာတွင် နာကျင်သည်ဖြစ်စေ ပြည်ထောင်စုတစ်ခုလုံး နာကျင်ခြင်းဖြစ်ပါကြောင်း၊ ယင်းစိတ်ဓာတ်ဖြင့် ကိုဗစ်– ၁၉ ရောဂါနှင့်ပတ်သက်၍ ဆောင်ရွက်မှုကို ချဉ်းကပ်ပါကြောင်း၊ မည်သည့်နေရာဟု ခွဲခြားခြင်းမရှိပါကြောင်း၊ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် နိုင်ငံသားများသည် မြဝတီဘက်မှ ပြန်လည်ဝင်ရောက်လာမှု အများဆုံးဖြစ်ပါကြောင်း၊ ကရင်ပြည်နယ်ဟုဆိုသော်လည်း ကရင်ပြည်နယ် ပြည်သူလူထုက ယင်းကိစ္စကို ခွဲခြားရပ်တည်ဆက်ဆံခြင်း မရှိပါကြောင်း၊ မိမိတို့ ပြည်သူများ ပြန်လည်ဝင်ရောက်လာခြင်းဖြစ်သည်ဆိုပြီး အားလုံးက တတ်အားသမျှ ဝိုင်းဝန်းကူညီကြပါကြောင်း၊ ၎င်းတို့အတွက် အတိုင်းအတာတစ်ခုအထိ စိုးရိမ်စိတ်နှင့် အခက်အခဲများရှိသော်လည်း ယင်းကိစ္စများကို အားလုံးကျော်လွှားနိုင်ခြင်းသည် ပြည်ထောင်စုစိတ်ဓာတ်ဖြစ်သည်ဟု မိမိအနေဖြင့် ယူဆပါကြောင်း။

### ထပ်တလဲလဲ ထုတ်ပြန်သတိပေး

ယခုအချိန်တွင် မိမိတို့အနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လုပ်ဆောင်ရမည် ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသည့်ပြဿနာများသည် များပြားပါကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ARSA အကြမ်းဖက်အဖွဲ့က စတင်တိုက်ခိုက်မှုများ ရှိခဲ့ပါကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ်တွင် စိန်ခေါ်မှုများစွာ ရင်ဆိုင်ခဲ့ရပါကြောင်း၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် AA အဖွဲ့၏ စတင်တိုက်ခိုက်မှုများကြောင့် စိန်ခေါ်မှုများ ပိုမိုရင်ဆိုင်ခဲ့ရပါကြောင်း၊ ပြည်သူများလည်း များစွာဒုက္ခရောက်ခဲ့ကြပါကြောင်း၊ တိုက်ပွဲများဖြစ်သည့်အခါ အပြစ်မဲ့ပြည်သူများ ထိခိုက်ကြရပါကြောင်း၊ မိမိတို့ ပြည်သူများကို ကာကွယ်ရန်အတွက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ကာကွယ်ရပါကြောင်း၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဆက်စပ်နေသည်မှာ လူမှုအသိုင်းအဝိုင်း လုံခြုံရေးဖြစ်ပါကြောင်း၊ ယင်းကိစ္စတွင် ကျန်းမာရေးလည်း ပါဝင်ပါကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ စိုးရိမ်ပူပန်နေရမည်ဆိုပါက လူမှုအသိုင်းအဝိုင်းတွင် လုံခြုံမှုမရှိနိုင်သည့်အတွက် တစ်ချိန်လုံးစိုးရိမ်နေရပါကြောင်း၊ ကိုဗစ်–၁၉ နှင့်ပတ်သက်၍ ကျန်းမာရေး စည်းမျဉ်းစည်းကမ်းများ ထပ်တလဲလဲ ထုတ်ပြန်သတိပေးထားပါကြောင်း၊ ပထမပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ပီပြင်သည့် အစီအစဉ်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူများ၏ ဆောင်ရွက်ချက်များကြောင့် ကိုဗစ်–၁၉ ရောဂါကို ထိထိရောက်ရောက် ထိန်းသိမ်းနိုင်ပါကြောင်း။

> “ရခိုင်ပြည်နယ်ရှိ ပြည်သူများကို အပြင်မထွက်ကြရန် ပြောကြားသည်မှာ ဒဏ်ပေးခြင်းမဟုတ်၊ တစ်နိုင်ငံလုံးသို့ ရောဂါပြန့်ပွားသွားလျှင် အားလုံးကို ထိထိရောက်ရောက် စောင့်ရှောက်မှုပေးရန် များစွာခက်ခဲ၊ တစ်နေရာတည်းတွင် စောင့်ရှောက်မှုပေးရသည်မှာ ပိုမိုထိရောက်လွယ်ကူ၊ မိမိတို့တွင်ရှိသည့် အရင်းအမြစ်များဖြင့် ပို၍ပိုင်ပိုင်နိုင်နိုင် လုပ်ဆောင်နိုင်”

### စီမံကိန်းများ ချမှတ်ထား

ရခိုင်ပြည်နယ်တွင် ရောဂါမပြန့်ပွားခင် တစ်လကျော်အထိ ပြည်တွင်းကူးစက်မှုမရှိဟု ပြောရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ထိန်းသိမ်းနိုင်ခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်နှင့် ပတ်သက်၍လည်း မိမိတို့အနေဖြင့် အရေးပေါ်စီမံကိန်းများ ချမှတ်ထားပြီးဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဖြစ်ပွားသည့်အခါ ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိပါကြောင်း၊ ထိုသို့လုပ်ဆောင်ချက်များတွင် အရေးအကြီးဆုံးကိစ္စသည် ရောဂါမပြန့်ပွားရေးဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်ရှိ ပြည်သူများကို အပြင်မထွက်ကြရန် ပြောကြားသည်မှာ ဒဏ်ပေးခြင်း မဟုတ်ပါကြောင်း၊ တစ်နိုင်ငံလုံးသို့ ရောဂါပြန့်ပွားသွားလျှင် အားလုံးကို ထိထိရောက်ရောက် စောင့်ရှောက်မှုပေးရန် များစွာခက်ခဲပါကြောင်း၊ တစ်နေရာတည်းတွင် စောင့်ရှောက်မှုပေးရသည်မှာ ပိုမိုထိရောက်လွယ်ကူပါကြောင်း၊ မိမိတို့တွင်ရှိသည့် အရင်းအမြစ်များဖြင့် ပို၍ပိုင်ပိုင်နိုင်နိုင် လုပ်ဆောင်နိုင်ပါကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ်မှ ပြင်ပသို့ မသွားရောက်ကြရန် ပိတ်ပင်ထားခြင်းသည် ရောဂါရှိသူများကို ခွဲခြားဆက်ဆံခြင်း မဟုတ်ပါကြောင်း၊ ထိထိရောက်ရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးနှင့် အုပ်ချုပ်မှုအရ စီမံမှုပေးနိုင်ရန်ဖြစ်ပါကြောင်း ပြောကြားသည်။

### ထိန်းသိမ်းဆောင်ရွက်နေ

ထို့နောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးညီပုက တစ်နိုင်ငံလုံးက ရခိုင်ပြည်နယ်၏အရေးကို အမြဲပူးပေါင်းပြီး ပါဝင်ဖြည့်ဆည်းကူညီဆောင်ရွက်ပေးကြသည်ကို ကျေးဇူးတင်ရှိပါကြောင်း၊ ဆက်လက်၍လည်း ကူညီဆောင်ရွက်ပေးကြမည်ဟု မျှော်လင့်ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် မတူညီသည့် လူ့အသိုက်အဝန်းနှစ်ခု အတူ ငြိမ်းငြိမ်းချမ်းချမ်း နေထိုင်နိုင်ရေးကို အဓိကထားပါကြောင်း၊ ယခုကဲ့သို့ အရေးကြီးသည့် ကမ္ဘာ့ကပ်ရောဂါ ပေါ်ပေါက်လာချိန်တွင် ပို၍သတိထားဆောင်ရွက်ရပါကြောင်း၊ ပဋိပက္ခနှင့် အခက်အခဲများကို စိန်ခေါ်မှုများအဖြစ် ခံယူပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုအခြေနေတွင် IDP စခန်းများ၊ တိုက်ပွဲရှောင်စခန်းများတွင် လူဦးရေများပြားနေသည့်အပြင် ယခုကပ်ရောဂါသည် ကူးစက်မှုအလွန်မြန်ဆန်သောကြောင့် စိုးရိမ်ပူပန်မှုများ ရှိပါကြောင်း၊ ရခိုင်ပြည်နယ်၏ အနေအထားသည် ဘဏ္ဍာငွေတောင့်တင်းမှု မရှိပါကြောင်း၊ ရခိုင်ပြည်နယ် အနေဖြင့် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်၍ ကော်မတီတစ်ရပ် အမြန်ဆုံးဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်–၁၉ အရေးပေါ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီကို ရပ်ကွက်၊ ကျေးရွာအဆင့်အထိ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အောက်ခြေအဖွဲ့များက အဝင်အထွက်များကိုလည်း ထိန်းသိမ်းဆောင်ရွက်နေပါကြောင်း၊ အထူးသဖြင့် စစ်တွေမြို့တွင် ရောဂါကူးစက်မှုဖြစ်ပွားနေသည့် ဈေးကိုလည်း ထိန်းသိမ်းဆောင်ရွက်နေသည့်အတွက် စိုးရိမ်မှုများ လျော့ပါးလာမည်ဟု ယူဆပါကြောင်း။

စိုးရိမ်ပူပန်မှုများရှိသော်လည်း ညီညီညွတ်ညွတ်နှင့် ဆောင်ရွက်သွားမည်ဆိုပါက ယခုအနေအထားမှ ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ရောဂါပြန့်ပွားမှု မြန်ဆန်သောကြောင့် ရခိုင်ပြည်နယ်ကို ကန့်သတ်၍ အပြင်မထွက်ရအမိန့် ထုတ်ပြန်ပြီး အခြားဆက်စပ်နေသော တိုင်းဒေသကြီးများဖြစ်သည့် မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းများမှ ပိတ်ပင်ကန့်သတ်မှုများပြုလုပ်သောကြောင့် ကုန်စည်စီးဆင်းမှုမရှိ၍ ရိက္ခာပြတ်လပ်မှုဖြစ်ပွားမည်ကို စိုးရိမ်ပူပန်မှုများရှိပါကြောင်း၊ ယင်းစိုးရိမ်မှုနှင့် အခက်အခဲများကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် အမြန်ဆုံးကူညီဖြေရှင်းဆောင်ရွက်ပေးစေလိုပါကြောင်း၊ ထို့ပြင် Quarantine Centre များ၊ ပြည်သူများကို ထောက်ပံ့နေရခြင်းများရှိပါကြောင်း၊ ၎င်းအပေါ် ငွေကြေးလိုအပ်ချက်များရှိနေပါကြောင်း၊ ယခုရန်ပုံငွေကျပ် ၈၅ ဒသမ ၅ သန်းရရှိထားပါကြောင်း၊ အရေးပေါ်ရန်ပုံငွေကျပ် ၁ ဘီလီယံကို တင်ပြတောင်းခံထားပါကြောင်း၊ ဘဏ္ဍာငွေ တင်ပြတောင်းခံထားမှုနှင့်ပတ်သက်၍ ခွင့်ပြုပေးစေလိုပါကြောင်း။

### ဆွေးနွေးတင်ပြ

ကိုဗစ်နှင့်ပတ်သက်၍ ငွေကြေးသုံးစွဲထားမှုအနေဖြင့် ပြည်ထောင်စုအစိုးရမှ ငွေကျပ် ၁၄ ဒသမ ၈ ဘီလီယံ၊ ပြည်နယ်အစိုးရအဖွဲ့မှ ၁ ဒသမ ၅၆၆ ဘီလီယံ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ငွေကျပ် ၃၁၁ ဒသမ ၄ သန်းခန့် သုံးစွဲထားပြီး စုစုပေါင်း ၁၆ ဒသမ ၇ ဘီလီယံ အသုံးပြုထားပါကြောင်း၊ ယခုငွေကြေးများဖြင့် ကျန်းမာရေးအတွက် လိုအပ်သောပစ္စည်းများ၊ အခြားလိုအပ်သည့်နေရာများတွင် အသုံးပြုထားပါကြောင်း၊ ယခုကာလကို အမြန်ဆုံးကျော်ဖြတ်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ပြည်သူများကိုလည်း ယုံကြည်စိတ်ချစွာဖြင့် ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း၊ ရခိုင်ပြည်နယ်၏ အနေအထားသည် ထူးခြားသည့်အနေအထားဖြစ်သည့်အတွက် ယခုအခြေအနေအပေါ်တွင် အားလုံးဝိုင်းဝန်းပူးပေါင်းကာ မှန်မှန်ကန်ကန်စဉ်းစားသုံးသပ်ပြီး ညီညီညွတ်ညွတ် ဆောင်ရွက်ရေးသည် အရေးကြီးဆုံးဟု ထင်မြင်ပါကြောင်း ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်မှ စစ်တွေမြို့သို့ ရောက်ရှိနေသည့် Volunteer စောသော်မိုးအယ် က တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း အမှန်တကယ် အကူအညီလိုအပ်နေသည့် အချိန်ဖြစ်သည့်အတွက် ရခိုင်ပြည်နယ်သို့ လာရောက်ကူညီပေးခြင်းဖြစ်ပါကြောင်း၊ မိမိသည် Quarantine Center ၄ ခုတွင် တာဝန်ထမ်းဆောင်ခဲ့ပါကြောင်း၊ ယခုဒေသသည် အကူအညီ အမှန်တကယ်လိုအပ်ပြီး အားနည်းသည့် အပိုင်းများလည်းရှိပါကြောင်း၊ ယခင် Camp မှ အတွေ့အကြုံများကို တင်ပြလိုပါကြောင်း၊ ပထမအချက်အနေဖြင့် Quarantine ဝင်သူများ စည်းကမ်းလိုက်နာမှု အားနည်းခြင်းသည် အဓိကစိန်ခေါ်မှုဖြစ်ပါကြောင်း၊ Camp ကို ထောက်ပံ့ပေးသည့် ကာကွယ်ရေးပစ္စည်းများ တစ်ခါတစ်ရံ အချိန်မီရောက်မလာပါကြောင်း၊ တစ်ရက် နောက်ကျသွားသည်ဆိုသော်လည်း မိမိတို့ အမှန်တကယ် လုပ်ကိုင်နေသူများအတွက် များစွာအခက်အခဲ ဖြစ်ပါကြောင်း၊ ထို့ကြောင့် များစွာစိုးရိမ်ပါကြောင်း၊ ရန်ကုန်ကဲ့သို့ နေရာတွင် နောက်ကျခြင်းများ ကြုံရသည့်အတွက် ယခုဒေသသည် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများ ကြုံရနိုင်ခြေရှိမည်ဟု မိမိတို့မျှော်မှန်းထားပါကြောင်း။

### ပူးပေါင်းပါဝင်ရန် လိုအပ်

မိမိတောင်းဆိုလိုသည်မှာ အကာအကွယ်ပစ္စည်းများ အချိန်မီရောက်ရန်နှင့် ရောက်သည့်ပစ္စည်းများ

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

အရည်အသွေးပြည့်မီရန် ဖြစ်ပါကြောင်း၊ Quarantine ဝင်နေသူများသည် စည်းကမ်းမလိုက်နာမှုထက် ကျန်းမာရေးအသိပညာ အားနည်းမှုဟု မိမိမြင်ပါကြောင်း၊ ကျန်းမာရေးအသိပညာ အားနည်းသည့်အတွက်ကြောင့် မဆင်မခြင်နေထိုင်မှုများကို ကြုံတွေ့နေရပါကြောင်း၊ စည်းကမ်းမလိုက်နာပါက မိမိတို့ Quarantine Center လုပ်သည့် ရည်ရွယ်ချက်သည် အောင်မြင်မည် မဟုတ်ပါကြောင်း၊ Quarantine ဝင်နေသူများ ပူးပေါင်းပါဝင်နိုင်ရန်အတွက် မိမိတို့တတ်နိုင်သမျှ အကောင်းဆုံးကြိုးစားနေပါကြောင်း၊ ရခိုင်ပြည်နယ်တွင် ယခုလက်ရှိလုပ်ကိုင်နေသည့် စေတနာ့ဝန်ထမ်းအဖွဲ့များသည် စစ်တွေမြို့အနီး Quarantine ၁၃ ခုတွင် တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ ထို ၁၃ ခု အနက်မှ မိမိတို့ ဝင်ပေးရမည်မှာ ၆ ခု ဖြစ်ပါကြောင်း၊ လက်ရှိအချိန်တွင် Quarantine ၆ ခုရှိ Volunteer ၉၅ ရာခိုင်နှုန်းသည် အစိုးရဌာနအကြီးအကဲများ ဦးဆောင်သည့် ဝန်ထမ်းများနှင့် လုပ်ဆောင်နေရခြင်းဖြစ်ပါကြောင်း၊ စေတနာ့ဝန်ထမ်း သီးသန့်သည် ၅ ရာခိုင်နှုန်းသာ ဖြစ်ပါကြောင်း၊ အခြားသူများသည် ရုံးအဖွဲ့အစည်းမှ လုပ်ကိုင်နေခြင်းဖြစ်သည့်အတွက် အခက်အခဲများရှိပါကြောင်း၊ ရခိုင်ပြည်နယ်တွင် Volunteer အဖြစ်ဆောင်ရွက်လိုသည့် ညီအစ်ကိုမောင်နှမများ ပါဝင်လာအောင် ထပ်မံ၍ တိုက်တွန်းပေးစေလိုပါကြောင်း၊ ဒေသခံများ ပူးပေါင်းပါဝင်ရန် လိုအပ်ပါကြောင်း၊ မိမိတို့ ကူညီပေးနိုင်သည်မှာ များစွာရှိသော်လည်း တချို့နေရာများတွင် ဘာသာစကား အခက်အခဲရှိပါကြောင်း၊ ဒေသခံများ ပူးပေါင်းလုပ်ဆောင်မည်ဆိုပါက အဆင်ပြေမည်ဖြစ်ပါကြောင်း၊ လက်ရှိ Quarantine များတွင် လူတစ်ဦးအတွက် တစ်နေ့တာ စားစရိတ် ၃၀၀၀ ပေးပါကြောင်း၊ ယင်း ၃၀၀၀ သည် စစ်တွေမြို့အနေဖြင့် များစွာခက်ခဲပါကြောင်း၊ ငွေကျပ် ၃၀၀၀ နှင့် ရှေ့ဆက်သွားမည်ဆိုပါက CSO အဖွဲ့နှင့် အခြား အရပ်ဘက်အဖွဲ့အစည်းများ ရေရှည်ခံနိုင်မှုတွင် အနည်းငယ် ပြဿနာရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် စားရေးသောက်ရေး ကိစ္စများအတွက် ငွေကျပ် ၅၀၀၀ ပေးမည်ဆိုပါက Volunteer အဖွဲ့အစည်းများ အဆင်ပြေသွားမည်ဖြစ်ပါကြောင်း၊ သောက်သုံးရေရှားပါးသည့်အတွက် Quarantine များတွင် သောက်သုံးရေရရှိရန် တာဝန်ရှိသူများက ထောက်ပံ့ပေးမည်ဆိုပါက ပိုမိုလွယ်ကူမည်ဖြစ်ပါကြောင်း၊ အရပ်ဘက်အဖွဲ့အစည်းများ ကူညီပေးသည်ကိုလည်း များစွာကျေးဇူးတင်ရှိပါကြောင်း ဆွေးနွေးတင်ပြသည်။

### အသိပညာပေးပစ္စည်းများ လစဉ်ထောက်ပံ့

ယင်းနောက် ရခိုင်ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ စိုင်းဝင်းဇော်လှိုင် က ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားစာများကို အချိန်နှင့်တစ်ပြေးညီ ဗီဒီယိုကွန်ဖရင့်ဖြင့် သတိပေးပါကြောင်း၊ ပြည်သူလူထု သိရှိရန်လိုအပ်မည့် သတင်းအချက်အလက်များကို လက်ကိုင်စပီကာများဖြင့် ကြေညာပါကြောင်း၊ လက်ကမ်းပိုစတာများကို ရခိုင်တိုင်းရင်းသားများနှင့် IDP စခန်းများသို့ ရောက်ရှိအောင် ဖြန့်ဝေခဲ့ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ မရှိမဖြစ်လိုအပ်သည့် အကာအကွယ်ပစ္စည်းများနှင့် အသိပညာပေးပစ္စည်းများ လစဉ်ထောက်ပံ့ပေးပါကြောင်း။

မြန်မာနိုင်ငံတွင် ရောဂါပိုးစတင်တွေ့ရှိသည့် အချိန်မှစ၍ အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ပါကြောင်း၊ နေရာဒေသအနေအထားနှင့် အကူအညီရရှိမှုအပေါ်မူတည်၍ မိတ်ဖက်အဖွဲ့အစည်းများဖြင့် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ LED Board ဖြင့် လက်ဆေးသည့် ဗီဒီယိုများနှင့် သီချင်းများကို ပြည်သူများအကြားတွင် သိသာအောင် တစ်ရက်လျှင် နှစ်ကြိမ် ဖွင့်လှစ်ပြသခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် မိတ်ဖက်အဖွဲ့အစည်းများဖြင့် ပူးပေါင်း၍ Health Cluster အစည်းအဝေးများကို လစဉ် ကျင်းပပါကြောင်း၊ ရုံးပိတ်ရက်ရှည်ကာလတွင် Sample များ ရန်ကုန်သို့ သယ်ယူပို့ဆောင်ရေးအတွက် မိတ်ဖက်အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေး၍ ကားလမ်းကို အသုံးပြုကာ စီစဉ်ဆောင်ရွက်ရေး ဆုံးဖြတ်ခဲ့ပါကြောင်း၊ ယင်းဆုံးဖြတ်ချက်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်ခဲ့ပါကြောင်း၊ ပထမဆုံး Sample ကို ပိုလီယိုပပျောက်ရေး စီမံကိန်းမှ ကားဖြင့် ရန်ကုန်သို့ ပို့ဆောင်သည့်အခါတွင် ကားသမားနှင့် ကျန်းမာရေးဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှု ဖြစ်ပွားခဲ့ပါကြောင်း၊ ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်နယ်အစိုးရအဖွဲ့တို့ တိုင်ပင်ဆွေးနွေး၍ လေယာဉ်ဖြင့် ပို့ဆောင်နိုင်ရန် စီမံဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်၌ သံသယလူနာရှိလာသည့်အချိန်တွင် ပြည်သူလူထုအား အသိပေးခြင်းနှင့် သတင်းထုတ်ပြန်ခြင်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မတ်လ၊ ဧပြီလနှင့် မေလများတွင် Social Distancing ကိစ္စများနှင့် လူစုလူဝေးမဖြစ်ပေါ်စေရေးကိစ္စများကို ပိုမိုအားစိုက်ဆောင်ရွက်ခဲ့ပြီး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကိုလည်း ရရှိခဲ့ပါကြောင်း၊ သို့သော် ကာလကြာရှည်လာသည်နှင့်အမျှ စည်းကမ်းလိုက်နာမှုများသည် လျော့နည်းလာပါကြောင်း။

> **“ ယခုရခိုင်ပြည်နယ်တွင် ကိုဗစ်ကို တိုက်ထုတ်ကြရာတွင် တစ်ဦးအပေါ်တစ်ဦး မည်သို့စေတနာထားသည်ကို ပြသရန်လိုအပ်၊ ယခုအချိန်တွင် မည်သူက အမှန်တကယ်စေတနာရှိသည်ဆိုသည်မှာ ပေါ်လာမည်ဖြစ်၊ ရခိုင်အတွက် ပြည်ထောင်စု၊ ပြည်ထောင်စုအတွက် ရခိုင်ဆိုသည့် စိတ်ဓာတ်နှင့်ကြည့်ရန် များစွာအရေးကြီး”**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက Health Sector Contingency Plan ကို ရေးဆွဲခဲ့ပြီး ယင်း Plan အပေါ်အခြေခံ၍ ရခိုင်ပြည်နယ်နှင့် ကိုက်ညီသည့် Rakhine State Health Sector Contingency Plan ကို ရေးဆွဲခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားလာသည့် လူနာများကို မည်သည့်လမ်းကြောင်းမှ မည်သို့သယ်ဆောင်မည်၊ IDP စခန်းများရှိ လူနာများအတွက် မည်သည့်ဆေးရုံများကို အသုံးပြုကြမည်၊ အရေးပေါ်ဖြစ်ပွားလာလျှင် မည်သို့ဆောင်ရွက်ကြမည်နှင့် ရခိုင်ပြည်နယ်အတွင်း လိုအပ်ချက်များကို ရေးဆွဲထုတ်ပြန်ပြီး ဝန်ကြီးဌာနများနှင့် မိတ်ဖက်အဖွဲ့အစည်းများကို ဖြန့်ဝေခဲ့ပါကြောင်း ဆွေးနွေးတင်ပြသည်။

### ပြည့်ပြည့်စုံစုံ ထောက်ပံ့သွားမည်

ထို့နောက် ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် က အလှူငွေများအား ဗဟိုသို့အပ်နှံခြင်းမပြုဘဲ ရခိုင်ပြည်နယ်၌သာ သုံးစွဲမည့်ကိစ္စအား ခွင့်ပြုပေးပြီးဖြစ်ပါကြောင်း၊ ရိက္ခာကိစ္စတင်ပြချက်နှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်တွင် ရိက္ခာပြတ်လပ်မှု မရှိစေရန် အာမခံပါကြောင်း၊ လိုအပ်သည့် ရိက္ခာများကို ရနိုင်သည့်နည်းလမ်းဖြင့် ပို့ပေးမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များကလည်း ပူးပေါင်းဆောင်ရွက်မည်ဟု ယုံကြည်ပါကြောင်း၊ ဘဏ္ဍာငွေကိုလည်း ပံ့ပိုးပေးမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ချမ်းသာသည့်နိုင်ငံ မဟုတ်သော်လည်း ပြည်ထောင်စု၏ လိုအပ်သည့် အစိတ်အပိုင်းအား အမြဲပြည့်ပြည့်စုံစုံ ထောက်ပံ့သွားမည် ဖြစ်ပါကြောင်း။

### လိုအပ်ချက်မရှိစေရန် ပံ့ပိုးပေးသွားမည်

ပြည်သူများအနေဖြင့်လည်း ဝိုင်းဝန်းကူညီပံ့ပိုးပေးကြမည်ဟု ယုံကြည်ပါကြောင်း၊ ယင်းမှာ အင်အားပင်ဖြစ်ပါကြောင်း၊ နိုင်ငံ မချမ်းသာသော်လည်း မိမိတို့ပြည်သူများ၏ ရက်ရောသည့် စိတ်ဓာတ်သည် များစွာချမ်းသာပါကြောင်း၊ အရေးကြီးလျှင် သွေးစည်းလိုသည့် စိတ်ဓာတ်၊ ဝိုင်းဝန်းကူညီပံ့ပိုးလိုကြသည့် စိတ်ဓာတ်ရှိသည့်အတွက် ငွေကြေးအနေဖြင့် လုံလုံလောက်လောက် ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ ပြည်ထောင်စု တစ်စိတ်တစ်ပိုင်း ကျန်းမာရေးအတွက် လိုအပ်ချက်မရှိစေရန် ပံ့ပိုးပေးသွားမည် ဖြစ်ပါကြောင်း။

မိမိတို့ပြည်ထောင်စု ရေရှည်ရည်မှန်းချက်နှင့် သားသမီးအားလုံးအတွက် ရည်မှန်းချက်များကို မျက်ခြည်မပြတ်ရန် လိုအပ်ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် ဘာသာရေးနှင့် လူမျိုးရေးအကြောင်းပြုသည့် ပဋိပက္ခများ ရှိပါကြောင်း၊ အမုန်းတရားကို တူးဆွနေသူများ၊ မေတ္တာမပွားဘဲ တစ်ဦးနှင့်တစ်ဦးကြား ပဋိပက္ခဖြစ်ပွားအောင် လှုံ့ဆော်နေမှုများရှိပါကြောင်း၊ ယခု ရခိုင်ပြည်နယ်တွင် ကိုဗစ်ကို တိုက်ထုတ်ကြရာတွင် တစ်ဦးအပေါ်တစ်ဦး မည်သို့ စေတနာထားသည်ကို ပြသရန်လိုအပ်ပါကြောင်း၊ ယခုအချိန်တွင် မည်သူက အမှန်တကယ်စေတနာရှိသည် ဆိုသည်မှာ ပေါ်လာမည်ဖြစ်ပါကြောင်း၊ ရခိုင်အတွက် ပြည်ထောင်စု၊ ပြည်ထောင်စုအတွက် ရခိုင်ဆိုသည့် စိတ်ဓာတ်နှင့်ကြည့်ရန် များစွာအရေးကြီးပါကြောင်း။

ဆိုရှယ်မီဒီယာတွင် ရေးသားနေကြသူများသည် တာဝန်သိစိတ်၊ အမှန်တကယ် စေတနာဖြင့် ရေးသားတင်ပြရန်လိုအပ်ပါကြောင်း၊ အရေးကြီးသည်မှာ အချက်အလက်များ မှန်ကန်ရန်ဖြစ်ပါကြောင်း၊ တချို့သည် မစဉ်းစားဘဲ၊ မှန်ခြင်း၊ မမှန်ခြင်းကို ဂရုမစိုက်ဘဲ ဆိုရှယ်မီဒီယာပေါ်တွင် ရေးသားတင်ပြကြပါကြောင်း၊ ဆိုရှယ်မီဒီယာတွင် တင်ပြရာတွင် မှန်ကန်မှုရှိရန် ပထမအချက်ဖြစ်ကြောင်း၊ မှန်ကန်ပြီးအများအတွက် အကျိုးရှိရန်လည်း စဉ်းစားရမည်ဖြစ်ပါကြောင်း၊ မိမိတို့ ယခုလုပ်နေရသည့် လုပ်ငန်းများကို ပိုမိုခက်ခဲစေသည့် ကိစ္စများကို ဆိုရှယ်မီဒီယာများတွင် ရေးသားတင်ပြခြင်းကို လူတိုင်းက ဆင်ခြင်ရမည် ဖြစ်ပါကြောင်း။

### အခွင့်အလမ်းတစ်ရပ်ဖြစ်

ယခုအချိန်သည် ရခိုင်ပြည်နယ်တွင်ဖြစ်ပွားနေသည့် ကိုဗစ်ရောဂါပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန် လုပ်ဆောင်နေခြင်းဖြစ်ပါကြောင်း၊ ကိုဗစ်ရောဂါ ပြန့်ပွားခြင်းကြောင့် မိမိတို့ ရခိုင်ပြည်နယ်သူ၊ ပြည်နယ်သားများ ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် ဦးတည်လုပ်ဆောင်နေပါကြောင်း၊ ထို့ပြင် ယခုအချိန်သည် အမှန်တကယ် စည်းလုံးညီညွတ်ရေးအတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ လာမည့်ရက်သတ္တ ၃ ပတ်၊ ၄ ပတ်အတွင်း ပိုင်ပိုင်နိုင်နိုင် ကိုင်တွယ်နိုင်မည်ဆိုပါက ကိုဗစ်ရောဂါပြန့်ပွားမှုအတွက် စိတ်သက်သာရာရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုရက်သတ္တ ၃ ပတ်၊ ၄ ပတ်အတွင်း အားလုံးစည်းမျဉ်းစည်းကမ်းများကို တိတိကျကျလိုက်နာရန် များစွာအရေးကြီးပါကြောင်း၊ ပူးပေါင်းဆောင်ရွက်ကြမည်ဟုလည်း မိမိတို့ မျှော်လင့်ပါကြောင်း၊ ယင်းသည် ရေရှည်အတွက် များစွာ ကောင်းမွန်သည့် ခြေလှမ်းတစ်ရပ်ဖြစ်သွားမည် ဖြစ်ပါကြောင်း၊ ယခုကိစ္စတွင် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် တစ်ဦးအပေါ်တစ်ဦးနားလည်မှု၊ မေတ္တာထားမှု၊ ယုံကြည်အားကိုးမှုများ ရှိလာကြမည်ဖြစ်ပါကြောင်း၊ ထိုမှတစ်ဆင့် ရခိုင်ပြည်နယ်သာမက ပြည်ထောင်စုကြီး ရင်ဆိုင်နေရသည့် ကိစ္စများ၊ စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည် ဖြစ်ပါကြောင်း။

### ထိထိရောက်ရောက် စောင့်ရှောက်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး အရည်အသွေးမီ ကာကွယ်ရေးပစ္စည်းများ အချိန်မီရောက်ရန် လုပ်ဆောင်ပေးနိုင်ပါကြောင်း၊ စည်းကမ်းလိုက်နာခြင်းသည် မိမိအတွက် အကာအကွယ်ဖြစ်သည်ကို သဘောမပေါက်ကြပါကြောင်း၊ မိမိအတွက်လုပ်သည်ကို အမှန်တကယ်သဘောပေါက်မည်ဆိုပါက စည်းကမ်းလိုက်နာမှုသည် ခက်ခဲမည်ဟု မထင်မြင်မိပါကြောင်း၊ သို့သော်လည်း အများသည် စည်းကမ်းဆိုသည်ကို အပြင်လူက မိမိအပေါ်တွင် ပိတ်ပင်ထားသည်ဟု မယူဆစေလိုပါကြောင်း၊ စောင့်ရှောက်ပေးသည်ဟု ယူဆစေလိုပါကြောင်း၊ ထိထိရောက်ရောက် စောင့်ရှောက်နိုင်အောင် ယခုကဲ့သို့လုပ်ဆောင်ရခြင်းဖြစ်ပါကြောင်း၊ အကန့်အသတ်များလုပ်ဆောင်သည်ဆိုသည်မှာ ပိတ်ပင်တားဆီးခြင်း မဟုတ်ပါကြောင်း၊ စည်းကမ်းဆိုသည်မှာ မိမိအတွက် ကာကွယ်နိုင်အောင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် စေတနာ့ဝန်ထမ်းများက Quarantine ဝင်နေသည့် ပြည်သူများ နားလည်အောင် ရှင်းပြရမည်ဖြစ်ပါကြောင်း၊ စည်းမျဉ်းစည်းကမ်းသည် Quarantine ဝင်နေသူများအတွက် နံပါတ်တစ်ဖြစ်ပါကြောင်း၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရန် စေတနာ့ဝန်ထမ်းများက ပြောပေးရန် လိုအပ်ပါကြောင်း၊ Quarantine ဝင်နေသူများသည် ကျန်းမာရေးဝန်ထမ်းများထက် စေတနာ့ဝန်ထမ်းများနှင့် ပို၍ထိတွေ့မှုရှိပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများသည် ကုသ၊ စောင့်ရှောက်ရန်အတွက် တာဝန်ရှိပြီး စေတနာ့ဝန်ထမ်းများသည် လူမှုရေးအရ၊ စိတ်ဓာတ်ရေးအရ ပံ့သွင်းပေးရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းများသည် အရင်ရာစုနှစ်တစ်ဝက်အတွင်းတွင် နာမည်မကောင်းခဲ့ပါကြောင်း၊ ယခု ယင်းကိစ္စများကို ပြောင်းလဲရန် ကြိုးစားနေပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ နိုင်ငံ့ဝန်ကိုထမ်းနေသည့် သူများ ဖြစ်ပါကြောင်း၊ ပြည်သူအကျိုးကို ပြုသူများအဖြစ် မြင်စေလိုပါကြောင်း၊ သောက်သုံးရေ မပြည့်စုံပါက အခြားပြဿနာများစွာရှိတတ်ပါကြောင်း၊ ထို့ကြောင့် သောက်သုံးရေကိစ္စကို ဦးစားပေး၍ စီစဉ်ပေးမည်ဖြစ်ပါကြောင်း၊ စားစရိတ်အနေဖြင့် တစ်နေ့ ၃၀၀၀ မလုံလောက်ပါက ပြန်လည်စဉ်းစားပြီး အမြန်ဆုံးအကောင်အထည် ဖော်ဆောင်ရမည် ဖြစ်ပါကြောင်း၊ ယခုအစီအစဉ်ကို နားထောင်နေသည့် ရခိုင်ပြည်နယ်မှ ဒေသခံလူငယ်များရှိမည်ဖြစ်ပါကြောင်း၊ တခြားဒေသမှ လူမှုရေး၊ ဘာသာရေးအရ မဟုတ်ဘဲ မေတ္တာ၊ စေတနာ၊ ကရုဏာအရ လာရောက်ကူညီပေးမှုများရှိနေပါက ရခိုင်ပြည်နယ်မှ ဒေသခံလူငယ်များအနေဖြင့် ပိုပြီးကူညီလိုသည့် စိတ်ဓာတ်ဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း၊ ယခုကဲ့သို့ စေတနာ့ဝန်ထမ်းများက ရှေ့ဆောင်လမ်းပြလုပ်ပေးခြင်းကြောင့် ဒေသခံလူငယ်များအနေဖြင့် ဝိုင်းဝန်းပြီး စေတနာ့ဝန်ထမ်းအဖွဲ့များတွင် ပါဝင်လာကြမည်ဟု ယုံကြည်ပါကြောင်း။

### တစ်နိုင်ငံလုံးအတွက် စိန်ခေါ်မှုဖြစ်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအတွက် စိန်ခေါ်မှုသည် မိမိတို့နိုင်ငံ တစ်နိုင်ငံလုံးအတွက် စိန်ခေါ်မှုဖြစ်ပါကြောင်း၊ ကျန်းမာရေးအသိပညာဘက်တွင် အနည်းငယ် အားနည်းနေသည့်အတွက် တချို့က ပေါ့ဆခြင်းဖြစ်ပါကြောင်း၊ Quarantine Centre များတွင် ကျန်းမာရေးပညာပေးဆိုင်ရာများကို စပီကာဖြင့်တစ်နေ့လျှင် နှစ်ကြိမ်၊ သုံးကြိမ် ထုတ်လွှင့်ပေးပါက နေထိုင်ရင်းဖြင့် ကျန်းမာရေးပညာများ ရရှိကြမည်ဖြစ်ပါကြောင်း၊ မိမိစိုးရိမ်သည်မှာ တချို့သည် ကိုဗစ်ရောဂါခံစားရပြီး ပျောက်သွားလျှင် ပြီးဆုံးပြီဟု ထင်မြင်ကြပါကြောင်း၊ မိမိနားလည်သည်မှာ ကမ္ဘာ့ပညာရှင်များ၏ သုံးသပ်မှုအရ ကိုဗစ်-၁၉ ရောဂါသည် နောက်တစ်ခါ ပြန်မခံစားရနိုင်ဟု အာမခံချက်မရှိပါကြောင်း၊ ယင်းကို တချို့က မသိရှိကြပါကြောင်း၊ ထို့ကြောင့် ပေါ့လျော့သွားခြင်းလည်း ပါဝင်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေးနှင့် ကုသဆေးမပေါ်မီကာလတွင် ပြီးသွားသည်၊ ပျောက်သွားသည်ဟု သတ်မှတ်၍မရပါကြောင်း၊ နောက်တစ်ကြိမ်လည်း ပြန်ဖြစ်နိုင်ခြေရှိ၊ မရှိ မသေချာပါကြောင်း၊ သတိဆိုသည်မှာ လွန်ကဲသည်ဟု မရှိပါကြောင်း၊ သတိဖြင့်နေရမည်ဖြစ်ပါကြောင်း၊ ယင်းကိစ္စကို ပြည်သူများအား ထပ်တလဲလဲ သတိပေးစေလိုပါကြောင်း၊ ကိုဗစ်-၁၉ ကို ထိန်းချုပ်၍ရရန် နိုင်ငံတော်အနေဖြင့် မည်မျှ ရုန်းကန်ခဲ့ရသည်ကို တချို့က သဘောမပေါက်ကြပါကြောင်း၊ ဩဂုတ်လဆန်းအထိ သုံးလ၊ လေးလခန့် ပီပီပြင်ပြင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အထူးသဖြင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ရုန်းကန်ခဲ့ရပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ပြည်သူများကိုစောင့်ရှောက်ကာကွယ်ရန် လိုအပ်သည်များကို ရှာဖွေပေးမည်ဖြစ်ပါကြောင်း၊ ထိုသို့ ရှာဖွေပေးရန် မလွယ်ကူပါကြောင်း၊ ရေတိုရေရှည် စဉ်းစားကြရပါကြောင်း။

### ညီညွတ်ခြင်းသည် အင်အားဖြစ်

ထို့ကြောင့် ယခုတင်ပြသွားကြသည့် လိုအပ်ချက်များသည် မိမိတို့ပြည်သူများ၏ လိုအပ်ချက်များဖြစ်သည့်အတွက် အားလုံးကို ဖြည့်ဆည်းပေးရမည်ဖြစ်ပါကြောင်း၊ တစ်ချိန်တည်းတွင် ကိုဗစ်-၁၉ ပြီးဆုံးသွားသည့် ကာလကိုလည်း စဉ်းစားရပါကြောင်း၊ ကိုဗစ်-၁၉ ပြီးဆုံးသည့် ကာလတွင် မိမိတို့နိုင်ငံ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် အနေအထားတွင် ရှိရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ပြီးဆုံးသည့် ကာလတွင် နိုင်ငံက ချွတ်ခြုံကျနေပြီး မည်သည့်အရာမျှ မလုပ်ဆောင်နိုင်သည့် ပုံစံမျိုးမဖြစ်စေလိုပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ရေတိုရေရှည် စဉ်းစားပြီး ဆောင်ရွက်ရပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုသည် အဓိကဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်၏ အဓိကစိန်ခေါ်မှုနှင့် အားနည်းချက်သည် စည်းလုံးညီညွတ်မှုအားနည်းခြင်း ဖြစ်ပါကြောင်း၊ စည်းလုံးခြင်းသည် အင်အားဆိုသည်ကို ယခုကာလတွင် ပြသလိုပါကြောင်း၊ ညီညွတ်မှုသာလျှင် မိမိတို့ရင်ဆိုင်နေရသည့် ပြဿနာနှင့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း၊ ညီညွတ်ခြင်းကို ပျက်ပြားအောင် လုပ်ဆောင်နေသည့် ပုဂ္ဂိုလ်များ၊ အစုအဖွဲ့များသည် ပြည်သူများအပေါ်တွင် အမှန်တကယ်စေတနာရှိသလားဆိုသည်ကို စဉ်းစားရမည်ဖြစ်ပါကြောင်း၊ ညီညွတ်ခြင်းသည် အင်အားဖြစ်ပါကြောင်း၊ ညီညွတ်ခြင်းဖြင့်သာ စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည် ဖြစ်ပါကြောင်း၊ ညီညွတ်မှုမရှိလျှင် ကျော်လွှားနိုင်မည် မဟုတ်ပါကြောင်း၊ ညီညွတ်မှုပျက်ပြားအောင် လုပ်ဆောင်ခြင်းသည် မိမိတို့နိုင်ငံအတွက် အကျိုးမရှိသည်ကို နားလည်စေလိုပါကြောင်း၊ တစ်ကမ္ဘာလုံးက မိမိတို့နိုင်ငံကို ရခိုင်ပြည်နယ်နှင့် ပတ်သက်ပြီး အမြင်လွဲမှားနေကြပါကြောင်း၊ မိမိတို့ မည်မျှကြိုးစားသည်၊ မည်မျှအဆင်ပြေစေလိုသည်၊ ပြေလည်စေရန် လုပ်ဆောင်နေသည်ကို မမြင်ကြပါကြောင်း၊ မမြင်လိုသည်လည်း ပါဝင်ပါကြောင်း၊ မြင်လိုသည်ဖြစ်စေ၊ မမြင်လိုသည်ဖြစ်စေ မိမိတို့အနေဖြင့် မြင်အောင် အလုပ်ဖြင့် ပြသရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရခိုင်ပြည်နယ်ရှိ ပြည်သူများ၊ ပြည်ထောင်စုတစ်ခုလုံးရှိ ပြည်သူများအားလုံး ရခိုင်ပြည်နယ်၌ လက်ရှိရင်ဆိုင်နေရသည့် စိန်ခေါ်မှုကို ကျော်လွှားနိုင်ရန် အားလုံးဝိုင်းဝန်းကူညီကြရန်၊ ညီညွတ်ကြရန် တိုက်တွန်းပြောကြားပြီး ဆွေးနွေးမှုကို ရပ်နားလိုက်သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဒုအထူးကိုယ်စားလှယ်နှင့် ယူနီဆက် (UNICEF) ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်တို့အား ဗီဒီယိုကွန်ဖရင့်ဖြင့် လက်ခံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၈**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ယနေ့မွန်းလွဲပိုင်းတွင် အရွယ်မရောက်သေးသူများအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေးအတွက် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေး အထူးတာဝန်အဖွဲ့ (Country Task Force on Monitoring and Reporting–CTFMR) ၏ ပူးတွဲဥက္ကဋ္ဌများဖြစ်သည့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူး Mr. Ola Almgren နှင့် ယူနီဆက်



(UNICEF) ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Ms. June Kunugi တို့နှင့် ဗီဒီယိုကွန်ဖရင့်ဖြင့် တွေ့ဆုံဆွေးနွေးသည်။ **(အပေါ်ပုံ)**

တွေ့ဆုံဆွေးနွေးစဉ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ နှစ်စဉ်အစီရင်ခံစာပါ ကလေးစစ်သည်စုဆောင်းမှုနှင့် အသုံးပြုမှုစာရင်းမှ မြန်မာ့တပ်မတော်ကို ပယ်ဖျက်ပေးခဲ့ပြီးနောက်ပိုင်း ကလေးစစ်သည်စုဆောင်းမှုနှင့် ကလေးသူငယ်များကို အသုံးပြုမှုများကို တားဆီးကာကွယ်ရေး ဆောင်ရွက်ချက်များ ရေရှည်တည်တံ့မှုရှိစေရေး၊ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များကို သေကျေ ထိခိုက်ဒဏ်ရာ ရစေမှုနှင့် လိင်အကြမ်းဖက်မှု ကျူးလွန်မှုများကို တားဆီးကာကွယ်ရေးအတွက် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ Safe School Declaration တွင် မြန်မာနိုင်ငံက ပါဝင်နိုင်ရေး အခြေအနေနှင့် ကလေးသူငယ်များနှင့် စာသင်ကျောင်းများကို အကာအကွယ်ပေးရေးနှင့် မိုင်းအန္တရာယ်တားဆီးကာကွယ်ရေးကိစ္စများကို ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် ထည့်သွင်းဆွေးနွေးနိုင်မှု အလားအလာများနှင့် စပ်လျဉ်း၍ နှစ်ဖက်အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## COVID-19 ရောဂါဖြစ်ပွားကူးစက်ပျံ့နှံ့မှု မရှိစေရန် ရခိုင်ပြည်နယ်အတွင်းရှိ ရောဂါကူးစက်ဖြစ်ပွားမှုများရှိနေသော မြို့နယ်များသို့/မြို့နယ်များမှ ခရီးသွားလာမှုများရှိခဲ့ပါက သတင်းပေးပို့ကြပါရန် သတိပေးနှိုးဆော်ပန်ကြားချက်

(၂၈-၈-၂၀၂၀) ရက်

မြန်မာနိုင်ငံတွင် (၂၈-၈-၂၀၂၀)ရက်၊ နံနက် (၀၈:၀၀) နာရီအချိန်ထိ COVID–19 ဓာတ်ခွဲအတည်ပြုလူနာ (၆၂၈) ဦးရှိပြီး (၆) ဦး သေဆုံးခဲ့ပါသည်။

(၁၆-၈-၂၀၂၀) ရက်မှ (၂၈-၈-၂၀၂၀) ရက်၊ နံနက်(၀၈:၀၀) နာရီအချိန်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်တွင် နေထိုင်သူများနှင့် စစ်တွေမြို့နယ်သို့/မှ ခရီးသွားလာသူများတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၂၁၆) ဦး ရှိပြီဖြစ်ပါသည်။

COVID–19 ရောဂါ ကူးစက်ပျံ့နှံ့မှုကို အချိန်မီထိန်းချုပ်နိုင်ရန် ပြည်သူများအနေဖြင့် (၁၀-၈-၂၀၂၀) ရက်မှစ၍ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ ရောဂါကူးစက်ဖြစ်ပွားမှုများရှိနေသော မြို့နယ်များ သို့/မှ ခရီးသွားလာမှုများရှိပါက မိမိအသိစိတ်ဖြင့် ချက်ချင်းသတင်းပေးပို့ရန် လိုအပ်ပါသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ စာရင်းဇယားများအရ (၁၀-၈-၂၀၂၀) ရက်မှစ၍ ပြည်တွင်းလေကြောင်းခရီးစဉ်များဖြင့် ရခိုင်ပြည်နယ်မှ ရန်ကုန်မြို့သို့ လိုက်ပါခဲ့သူများ၏ အချက်အလက်များအား ဖော်ပြထားရှိရာ အဆိုပါပုဂ္ဂိုလ်များသည် တိုင်းဒေသကြီး/ပြည်နယ်များရှိ နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့ ချက်ချင်းသတင်းပို့၍ ကျန်းမာရေးစစ်ဆေးမှုခံယူရန် လိုအပ်ပါသည်။

သို့မှသာ မိမိတွင် ရောဂါကူးစက်မှုရှိပါက အချိန်မီကုသမှု ခံယူနိုင်မည်ဖြစ်ပြီး မိမိမှတစ်ဆင့် မိမိ၏မိသားစုနှင့် နီးစပ်ရာများသို့ ရောဂါကူးစက်ဖြစ်ပွားမှုမှ ကာကွယ်နိုင်မည်ဖြစ်ပါသဖြင့် သတင်းပေးပို့၍ ကျန်းမာရေးစစ်ဆေးမှု ခံယူရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

သတင်းပေးပို့ရန် ပျက်ကွက်သူများအား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဥပဒေနှင့် အရေး ယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) က အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ သန်းတန်ဖိုးရှိ ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ကူညီ

**ရန်ကုန် ဩဂုတ် ၂၈**

ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)က မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ သန်းတန်ဖိုးရှိ ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ထောက်ပံ့လှူဒါန်းခြင်း အစီအစဉ်ကို ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပသည်။





အဆိုပါ ကျန်းမာရေးဆိုင်ရာ အထောက်အကူပြု ပစ္စည်းများ တင်ဆောင်လာသော အထူးကုန်တင်လေယာဉ်သည် ယနေ့နံနက် ၉ နာရီ ၁၀ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် UNICEF မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် UNICEF မှ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Ms. June Kunugi နှင့် တာဝန်ရှိသူတို့က ယနေ့ ခရီးစဉ်အပါအဝင် ဩဂုတ်လ နောက်ဆုံးအပတ်အတွင်း အထူးလေကြောင်းခရီးစဉ် သုံးကြိမ်ဖြင့် ရောက်ရှိခဲ့သော အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ သန်း တန်ဖိုးရှိ တစ်ကိုယ်ရေ ကာကွယ်ရေးဝတ်စုံ (PPE)နှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက လက်ခံရယူသည်။

အဆိုပါ ထောက်ပံ့ရေးပစ္စည်းများကို UNICEF အနေဖြင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) နှင့် ပူးပေါင်းဆောင်ရွက်ကာ သုံးကြိမ်ခွဲ၍ ပို့ဆောင်ခဲ့ခြင်းဖြစ်သည်။ ထို့အတူ အမေရိကန်ဒေါ်လာ ၂၄၂၈၄ တန်ဖိုးရှိ တစ်ကိုယ်ရေ ကာကွယ်ရေးဝတ်စုံ (PPE)နှင့် ဆက်စပ်ပစ္စည်းများကို ထိုင်းနိုင်ငံ (မြဝတီမြို့မှတစ်ဆင့်)နှင့် တရုတ်နိုင်ငံ (မူဆယ်မြို့မှတစ်ဆင့်) တို့မှ သယ်ဆောင်လာနေပြီ ဖြစ်သည့်အပြင် COVID–19 Specimen carriers ခုရေ ၃၀၀၀၀ နှင့် အောက်ဆီဂျင်ပေးစက် အလုံး ၃၇၀ တို့အား စက်တင်ဘာလ အစောပိုင်းတွင် မြန်မာနိုင်ငံသို့ ရေကြောင်းပို့ဆောင်မှုဖြင့် ရောက်ရှိလာမည်ဖြစ်ကြောင်း UNICEF ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ထိုသို့ထောက်ပံ့မှုနှင့် ပတ်သက်၍ UNICEF မှ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Ms. June Kunugi က “နိုင်ငံတကာမှာ ဝယ်လိုအားအလွန်များနေတဲ့ မရှိမဖြစ် အရေးပါလှတဲ့ ထောက်ပံ့ရေးပစ္စည်းတွေကို လက်လှမ်းမီအသုံးပြုနိုင်ဖို့နဲ့ လက်ရှိကုန်ပစ္စည်း သယ်ယူပို့ဆောင်ရေးအတွက် စိန်ခေါ်မှုများစွာရှိနေတဲ့ အကြားက မြန်မာနိုင်ငံကို အချိန်မီရောက်ရှိအောင် ပို့ဆောင်နိုင်ဖို့အတွက် ယူနီဆက်အနေနဲ့ သယ်ယူပို့ဆောင်ရေး လုပ်ငန်းတွေမှာပါ အရှိန်မြှင့်လုပ်ဆောင်လျက်ရှိပါတယ်။ ကလေးငယ်များအားလုံးနဲ့ အားနည်းထိခိုက်အလွယ်ဆုံးသူတွေကို ကမ္ဘာ့ကပ်ရောဂါဘေးကနေ ကာကွယ်ပေးနိုင်ဖို့ ကျွန်မတို့ အတူလက်တွဲပြီး ကိုဗစ်-၁၉ ရောဂါကို တိုက်ခိုက်ကြရမှာပါ” ဟု ပြောကြားသည်။

အလားတူ UNICEF အနေဖြင့် မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ရောဂါပိုးစမ်းသပ်ကိရိယာ (test kits)နှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ဓာတ်ခွဲခန်းသုံး အထောက်အကူပြုပစ္စည်းများနှင့် ဆေးဝါးများကို လည်းကောင်း ထောက်ပံ့ကူညီခဲ့သည့်အပြင် အသိပညာပေးခြင်းလုပ်ငန်းများနှင့်အတူ UNICEF ၏ သက်ဆိုင်ရာ ကဏ္ဍအလိုက် ကျွမ်းကျင်ဝန်ထမ်းများဖြင့်လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကူညီဆောင်ရွက်လျက်ရှိကြောင်း UNICEF မှ သိရသည်။

**ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

## ဘီးလင်းမြို့နယ်၌ ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်

**ဘီးလင်း ဩဂုတ် ၂၈**

ဘီးလင်းမြို့နယ်၌ ကိုဗစ်-၁၉ ကာလအတွင်း ကျေးရွာစီးပွားရေး ကုစားမှုအစီအစဉ်အရ ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေ လျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများ ကုစားပေးနိုင်ရန်အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အလုပ်ပေးငွေပေး (Cash For Work) စီမံကိန်းဖြင့် ကျေးရွာ ၁၅ ရွာတွင် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါစီမံကိန်းဖြင့် ရေမြောင်းတူးခြင်းလုပ်ငန်း ၁၁ ခု၊ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်း တစ်ခု၊ ကွန်ကရစ်လမ်းတစ်ခု၊ ဂဝံမြေသားလမ်း နှစ်လမ်းတို့အား ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ ထောက်ပံ့ငွေဖြင့် ကျေးရွာလူထုကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ကျေးရွာပြည်သူများ၏ လုပ်အားကို အသုံးပြုကာ ပြည်သူများ မိသားစုဝင်ငွေ ရရှိစေသည့်အပြင် လုပ်ငန်းပြီးစီးပါက ကျေးရွာအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်း ဖြစ်မြောက်ရေးကော်မတီ ဖွဲ့စည်းနိုင်ရေး အစည်းအဝေးသို့ တက်ရောက်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်းဖြစ်မြောက်ရေး ကော်မတီဖွဲ့စည်းနိုင်ရေး အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ရန်ကုန် ဩဂုတ် ၂၈

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ်(၂၂၈) ရှိပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၏ ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်း၌ ကျင်းပသည့် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်း ဖြစ်မြောက်ရေး ကော်မတီဖွဲ့စည်းနိုင်ရေး အစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ၌ ယခင်နှစ်ပတ်ခန့်က ကျင်းပခဲ့သည့် အစည်းအဝေးတွင် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ် မီဒီယာအသင်း ဖြစ်မြောက်ရေး ကော်မတီတစ်ရပ် ပေါ်ပေါက်လာရေးအတွက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါကြောင်း၊ ယခုအခါ ဒစ်ဂျစ်တယ်မီဒီယာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် ယင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်နေသူများလည်း များပြားလာခဲ့ပါကြောင်း၊ ဆိုရှယ်မီဒီယာ အပါအဝင် ဒစ်ဂျစ်တယ်မီဒီယာအသုံးပြုမှု များပြားနေသည့် အချိန်တွင် ဒစ်ဂျစ်တယ်မီဒီယာနှင့် ပတ်သက်သည့် အသင်းအဖွဲ့တစ်ခု ရှိပါက ပိုမိုသင့်လျော်မည်ဖြစ်ပါကြောင်း။

## ကျွမ်းကျင်တတ်သိရန်လို

ယခု အစည်းအဝေးသို့ တက်ရောက်လာကြသူများမှာ ဒစ်ဂျစ်တယ်မီဒီယာနှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်များဖြစ်၍ ဖြစ်မြောက်ရေး ကော်မတီတွင် ပါဝင်ဆောင်ရွက်သင့်သည်ဟု ထင်မြင်ပါကြောင်း၊ ဆက်လက်၍ အခြားပါဝင်သင့်၊ ပါဝင်ထိုက်သူများလည်း ပါဝင်လာစေရန် ဝိုင်းဝန်းဆွေးနွေး ဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း၊ယနေ့ ဒစ်ဂျစ်တယ်မီဒီယာသည် အစဉ်အလာ မီဒီယာများထက် ပိုမို လွှမ်းမိုးကျယ်ပြန့်လျက်ရှိကြောင်း၊ ပျံ့နှံ့မှုများပြားသကဲ့သို့ စီးပွားရေးအရလည်း ကြီးထွားလာနေသည်ကို အားလုံးတွေ့မြင်ရမည်ဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်မီဒီယာ အသုံးပြုမှုသည် သတင်းကိစ္စအတွက် သာမကဘဲ ဖျော်ဖြေမှုများ၊ အွန်လိုင်းရောင်းဝယ်မှုများအပြင် အခြား ကဏ္ဍရပ် အများအပြား ပါဝင်နေကြောင်း၊ အဆိုပါ ကဏ္ဍများတွင် ကျွမ်းကျင်တတ်သိရန် လိုအပ်သကဲ့သို့ မူပိုင်ခွင့်ကိစ္စအပါအဝင် ပြဿနာများကိုလည်း ဖြေရှင်းဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း။

ဒစ်ဂျစ်တယ် မီဒီယာဆိုင်ရာ နည်းပညာသစ်အသုံးပြုသည့် လုပ်ငန်းများကို နားလည်တတ်ကျွမ်းအောင် လေ့ကျင့်ပျိုးထောင်မှုများ ပြုလုပ်ရန်နှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၊ လုပ်ငန်းများနှင့် ဆက်သွယ်လုပ်ကိုင်ရာတွင် ရသင့်ရထိုက်သည်များ ပြည့်ပြည့်ဝဝ ရရှိစေရန်အတွက် စုစည်းမှုအင်အားဖြင့် ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းတစ်ရပ် လိုအပ်ကြောင်း၊ သို့ဖြစ်၍ မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာ အသင်းကြီး ပေါ်ပေါက်လာရေးအတွက် ဝိုင်းဝန်းဆွေးနွေးဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာ အသင်း ဖြစ်မြောက်ရေးကော်မတီ ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်မည့် အစီအစဉ်ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် 7 Day Media မှ ဦးသောင်းစုငြိမ်း၊ Yangon TV မှ ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)၊ ပေါ်ပြူလာသတင်းအေဂျင်စီမှ ဒေါ်နန်းကလျာဝင်း၊ The Voice မှ ဦးကျော်မင်းဆွေ၊ Global Innovation Media မှ ဦးမင်းဆွေလှိုင်၊ Cytron Computer မှ ဦးသိန်းထွန်းဖေ၊ We Media မှ ဦးလင်းထက်ကို၊ Myanmar Celebrity မှ ဦးအောင်မျိုးမြင့်၊ DVB မှ ဦးခင်မောင်စိုး၊ One News မှ ဦးမိုးအေး၊ အကုန်သိသတင်းအေဂျင်စီမှ ဦးကျော်မျိုးမင်း၊ ကမာရွတ်မီဒီယာမှ ဦးဟံသာငြိမ်း၊ ဝန်ဇင်း Application မှ ဦးဝင်းလှိုင်ဦး၊ စံတော်ချိန်သတင်းဌာနမှ ဦးကိုကိုလေး၊ Cele Gabar မှ ဦးသက်ဖြိုးအောင်၊ The Myanmar Times မှ ဦးကျော်စိုးထက်တို့က ပြောင်းလဲလာသည့် နည်းပညာများနှင့်အညီ ဒစ်ဂျစ်တယ်မီဒီယာ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဒစ်ဂျစ်တယ်မီဒီယာ အသုံးပြုသူများ၏ အကျိုးစီးပွားကို ကာကွယ်မြှင့်တင်ဆောင်ရွက်နိုင်ရန်၊ ဒစ်ဂျစ်တယ်မီဒီယာကို ကျင့်ဝတ်စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ စနစ်တကျ အသုံးပြုနိုင်ရန်နှင့် လိုအပ်သည့် အသိပညာပေးမှုများ၊ နည်းပညာမျှဝေပေးမှုများကို စီမံဆောင်ရွက်ပေးရန်နှင့် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ် မီဒီယာ အသင်း ဖြစ်မြောက်ရေး ကော်မတီ ဖွဲ့စည်းနိုင်ရန် ကိစ္စများကို ဝိုင်းဝန်း အကြံပြု ဆွေးနွေးကြသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ မြန်မာရေးရာ လေ့လာရေးအဖွဲ့မှ ဦးအေးမောင်ကျော်(အေးမောင်ကျော်) နှင့် ဦးသန်းအုန်း (မောင်ဇေယျာ) တို့လည်း တက်ရောက်ကြသည်။

ယင်းအစည်းအဝေးမှ မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်း ဖြစ်မြောက်ရေးကော်မတီကို ဥက္ကဋ္ဌ ဦးသောင်းစုငြိမ်း၊ ဒုတိယဥက္ကဋ္ဌ (၁) ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)၊ ဒုတိယဥက္ကဋ္ဌ (၂) ဒေါ်နန်းကလျာဝင်း၊ အတွင်းရေးမှူး ဦးမင်းဆွေလှိုင်၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးကျော်မျိုးမင်း၊ တွဲဖက်အတွင်းရေးမှူး(၂) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ထက်၊ အစည်းအဝေး တက်ရောက် လာကြသူပေါင်း ၁၇ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး အသင်း ပေါ်ပေါက်လာရေးအတွက် လုပ်ငန်းကာလ (၆) လ သတ်မှတ်ကာ ကော်မတီ၏ ရုံးခန်းကို ရန်ကုန်မြို့၊ ပန်းဆိုးတန်းလမ်း၊ အမှတ် (၂၂/၂၄)ရှိ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အဆောက်အအုံ၏ ဒုတိယထပ်တွင် ယာယီဖွင့်လှစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။


## လှည့်လည် ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုဝန်ကြီးသည် ယနေ့ နံနက်ပိုင်းကလည်း ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် (၃၇၉/၃၈၃)ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနပိုင် ရုံးအဆောက်အအုံနှင့် သိမ်ဖြူလမ်း အမှတ်(၂၁၂)ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ရုံးချုပ် အဆောက်အအုံများတွင် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

## ဆွေးနွေးခဲ့

ထို့နောက် ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်သည့် Forever Group အမှုဆောင် အရာရှိချုပ် ဦးဝင်းမော်နှင့် တာဝန်ရှိသူများက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယဒေသတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးကို အခြေခံ၍ ရုပ်မြင်သံကြား ရိုက်ကူးထုတ်လွှင့်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စတူဒီယိုများ ပါဝင်သည့် အခြေခံအဆောက်အအုံများ တည်ဆောက်နိုင်ရန် ဆောင်ရွက်မှု အခြေအနေတင်ပြခြင်း အစီအစဉ်သို့လည်း တက်ရောက်ပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ဟသ်ာတမြို့နယ်၊ ဇလွန်မြို့နယ်နှင့် ဆိပ်သာမြို့များ အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု

နေပြည်တော် ဩဂုတ် ၂၈

ယနေ့ နံနက် ၁၀ နာရီခွဲတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက် ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် ချောက်မြို့တွင် နှစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်သုံးရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဟသ်ာတမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်သုံးရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိ ရေမှတ်မှ နောက် သုံးရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟသ်ာတမြို့နယ်၊ ဇလွန်မြို့နယ်နှင့် ဆိပ်သာမြို့များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေ

နေပြည်တော် ဩဂုတ် ၂၈

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။ မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် မိုးပိုလာနိုင်သည်။ မိုး/ဇလ

❍ ကျောဖုံးမှ


မတ်တတ်ရပ် ဆန္ဒပြုသည့် နည်းလမ်းကို အသုံးပြု၍လည်းကောင်း လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ယင်းနောက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က အဆိုပါဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် အဆိုတင်သွင်းသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။



ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း



မိုင်းတုံမဲဆန္ဒနယ်မှ
ဦးအောင်ကျော်ဦး



ဒုတိယဝန်ကြီး
ဒေါက်တာကျော်လင်း



လွိုင်းဘွဲ့မဲဆန္ဒနယ်မှ
ဦးခင်ချို

## သံလွင်မြစ်ကူးတံတား (တာဆန်း) ကြိုးတံတား တည်ဆောက်ခြင်း စီမံကိန်းအတွက် အတိုးမဲ့ချေးငွေ ယူရို ၈ ဒသမ ၄ သန်း ရယူရေးနှင့် စပ်လျဉ်း၍ ဆွေးနွေး

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော သံလွင်မြစ်ကူးတံတား (တာဆန်း) ကြိုးတံတားတည်ဆောက်ခြင်းစီမံကိန်းအတွက် ဩစတြီးယားနိုင်ငံ UniCredit Bank ထံမှ အတိုးမဲ့ချေးငွေ ယူရို ၈ ဒသမ ၄ သန်း ရယူရေးနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မိုင်းတုံမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး က အဆိုပါ တံတားသစ်ကြီး တည်ဆောက်ပြီးပါက ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် (အရှေ့ပိုင်း) ကို ခရီးမိုင် သက်သာစွာဖြင့် ကူးလူးဆက်ဆံသွားလာနိုင်မည် ဖြစ်ပါကြောင်း၊ တာဆန်း တံတားသည် မဟာဗျူဟာမြောက် စစ်ဘက်၊ အရပ်ဘက်အတွက် အရေးပါသော တံတားတစ်စင်းဖြစ်ပြီး ဝေးလံခက်ခဲသော နယ်စပ်ဒေသအခြေအနေအရ ဘက်စုံအသုံးပြုနိုင်မည့် အဓိကကျသည့် တံတားတစ်ခုဖြစ်လာမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိဒေသအတွက် ရွှေတံတားကြီးဖြစ်လာမည့် သံလွင်တံတား(တာဆန်း)အတွက် ချေးငွေယူရို ၈ ဒသမ ၄ သန်းချေးယူခြင်းအား ထောက်ခံပါကြောင်း ပြောကြားသည်။

လွိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို က ကြွေးမြီအသုံးစရိတ်များဖြစ်သည့် ချေးငွေနှင့်ပတ်သက်၍ သက်ဆိုင်ရာငွေထုတ်ချေးသည့် နိုင်ငံ၊ အဖွဲ့အစည်းများ၏ မူဝါဒ၊ သဘောထားများ၊ စာချုပ်စာတမ်းစည်းကမ်းများကို တိကျစွာလိုက်နာ၍ ယခင်ကတွေ့ကြုံခဲ့သည့် ချေးငွေအတွေ့အကြုံများကို နမူနာယူပြီး သုံးစွဲရန် လျာထားသည့် (၂)နှစ်အတွင်း လုပ်ငန်းပြီးပြတ်အောင် သုံးစွဲဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် မမျှော်လင့်နိုင်သည့် အခြေအနေများကိုလည်း ကြိုတင်မှန်းဆတွက်ချက်ထားပြီး လိုအပ်ချက်၊ အားနည်းချက် အနည်းဆုံး ဖြစ်စေရေး ဆောင်ရွက်ရန် အကြံပြုလိုပါကြောင်းနှင့် ယူရို ၈ ဒသမ ၄ သန်း ချေးယူခြင်းကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ကွန်ဟိန်းမဲဆန္ဒနယ်မှ နန်းခင်စော က တာဆန်းတံတားသစ်စီမံကိန်းပြီးစီးခဲ့ပါက မြန်မာနိုင်ငံအလယ်ပိုင်းမှ ဒေသထွက်ကုန်များ၊ ကုန်စည်များကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) သာမက အိမ်နီးချင်းထိုင်းနိုင်ငံ၊ လာအိုနိုင်ငံနှင့် တရုတ်နိုင်ငံများကိုပါ လွယ်ကူလျင်မြန်စွာ တင်ပို့နိုင်မည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှုအတွက် များစွာအထောက်အကူပြုစေမည်ဟု သိရှိရပါကြောင်း၊ ဒေသခံပြည်သူများအတွက် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေမည့် အကျိုးကျေးဇူးကို ရရှိလာမည်ဖြစ်သည်ကိုလည်း သိရှိရပါကြောင်း၊ ထို့ပြင် ရှမ်းပြည်နယ် မြို့တော် တောင်ကြီးမှ ထိုင်း - မြန်မာ အဓိကနယ်စပ်မြို့ဖြစ်သည့် တာချီလိတ်သို့ လာသည့်အခါတွင် ခရီးမိုင် ၅၂ မိုင်လျော့နည်းသွားစေမည့်အပြင် သက်သောင့် သက်သာစွာဖြင့် တောင်ကြီး - တာချီလိတ်ခရီးကို နေ့ချင်းရောက်ရှိနိုင်မည် ဖြစ်သည်ကို သိရှိရပါကြောင်း၊ ထို့ကြောင့် အတိုးမဲ့ချေးငွေ ယူရို ၈ ဒသမ ၄ သန်း ရယူသွားမည့်အပေါ် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းချေးငွေရယူရေးနှင့် စပ်လျဉ်း၍ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးနှင့် မန္တလေး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်လှဌေး (ခေါ်) ဒေါ်အုန်းကြည် တို့က ဆက်လက်ဆွေးနွေးကြသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း က ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် သံလွင်မြစ်ကူးတံတား (တာဆန်း) ကြိုးတံတားသစ် တည်ဆောက်ပြီးစီးပါက ယာဉ်တစ်စီးချင်းခံနိုင်ဝန် ၇၅ တန် ရှိမည်ဖြစ်ပြီး တောင်ကြီးမြို့မှ ထိုင်းနိုင်ငံသို့ လူစီးယာဉ်ငယ်များသာမက ကုန်တင်ယာဉ်၊ တွဲကားများပါ အဆင်ပြေချောမွေ့စွာ ကုန်သွယ်သွားလာနိုင်မည်ဖြစ်သည့်အတွက် ရှမ်းပြည်နယ်၏ ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးသည် တာဆန်းတံတားအပေါ်တွင် များစွာမူတည်နေသည့်အတွက် သံလွင်မြစ်ကူးတံတား (တာဆန်း) ကြိုးတံတား တည်ဆောက်ခြင်းစီမံကိန်းအတွက် လိုအပ်သော သံပေါင်နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူအသုံးပြုနိုင်ရန် အတိုးမဲ့ချေးငွေယူရို ၈ ဒသမ ၄ သန်း ချေးယူမည့် ကိစ္စအား ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဆက်လက်ရှင်းလင်းဆွေးနွေးရာတွင် ချေးငွေရယူရေး ကိစ္စကို လွှတ်တော်ကအတည်ပြုပြီးသည့်အခါတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဩစတြီးယားနိုင်ငံ UniCredit Bank နှင့် ချေးငွေစာချုပ်ချုပ်ဆိုရန် ညှိနှိုင်းခြင်း၊ ချေးငွေစာချုပ်လက်မှတ်ရေးထိုးခြင်း၊ စာချုပ်အသက်ဝင်ရန် ဆောင်ရွက်ခြင်းနှင့် ချေးငွေထုတ်ယူရရှိရန်အတွက် ဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းစဉ်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်စေပြီး ဆောလျင်စွာပြီးစီးစေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်မှု အခြေအနေများကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ပုံမှန်အစီရင်ခံ တင်ပြရန်လိုအပ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အတိုးမဲ့ချေးငွေ ယူရို ၈ ဒသမ ၄ သန်း ရယူမည့်ကိစ္စအပေါ် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းချေးငွေရယူနိုင်ရေး ကိစ္စနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလ နိဂုံးချုပ် အမှာစကားပြောကြားရာတွင် အစည်းအဝေးကာလတစ်လျှောက်လုံး တာဝန်ကျေပွန်စွာ ပူးပေါင်းပါဝင်ခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း၊ ယခုအစည်းအဝေးကာလအတွင်း လာမည့် အောက်တိုဘာ ၁ ရက်မှ စတင်မည့် ၂၀၂၀-၂၀၂၁ခု ဘဏ္ဍာရေးနှစ်အတွက် နှစ်စဉ်မဖြစ်မနေ ပြဋ္ဌာန်းဆောင်ရွက်ပေးရမည့် နိုင်ငံတော်၏ အမျိုးသား စီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ၂၀၂၀ ပြည့်နှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းတို့ကို ဆွေးနွေးအတည်ပြုပေးနိုင်ခဲ့ပြီး လွှတ်တော်ဆိုင်ရာ အခြားလုပ်ငန်းတာဝန်များကိုလည်း ထိုက်သင့်သလောက် အောင်မြင်ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

ကမ္ဘာ့ကပ်ရောဂါ COVID -19 ကြောင့် တစ်ကမ္ဘာလုံး စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေကြရသကဲ့သို့ မိမိတို့နိုင်ငံတွင်လည်း COVID -19 ကပ်ရောဂါ ဖြစ်ပွားမှု ပထမလှိုင်းသည် အကျဘက်သို့ရောက်ရှိနေသည်ဟု ထင်ရသော်လည်း ပြီးခဲ့သည့် ရက်ပိုင်းအတွင်း စတင်တွေ့ရှိလာသည့် ပြည်တွင်းကူးစက်မှုများသည် မိမိတို့နိုင်ငံအတွက် ယခုထက်ပို၍ အထူးသတိထား ဆောင်ရွက်ကြရန် လိုအပ်သည်ကို ဖော်ညွှန်းပြသနေပါကြောင်း၊ တစ်ဦးချင်းအနေဖြင့် ကိုယ်တိုင် စည်းကမ်းချက်ချမှတ်ပြီး အတတ်နိုင်ဆုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည်ဖြစ်သကဲ့သို့ သတ်မှတ်ထားသည့် ညွှန်ကြားချက်များကိုလည်း တိကျစွာ လိုက်နာကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ရောဂါကာကွယ်ရေး နည်းလမ်းများကို ကိုယ်တိုင်လည်း လိုက်နာရမည်ဖြစ်ပြီး အများပြည်သူကိုလည်း စနစ်တကျလိုက်နာနိုင်ရေး စေတနာအမှန်ဖြင့် နှိုးဆော်တိုက်တွန်းရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း။

ယခုကဲ့သို့ COVID-19 ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးကို ခက်ခက်ခဲခဲ ဆောင်ရွက်နေကြရသည့်အချိန်တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ကို အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို ဖြေရှင်းနိုင်မည့် လမ်းကြောင်းတစ်ခု တံခါးတစ်ချပ်ဖြစ်သည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)ကို ပြီးခဲ့သည့်ရက်ပိုင်းအတွင်း လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည် မိမိတို့မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်မှုတစ်ခုဖြစ်သည်ကို ပြောကြားလိုပါကြောင်း။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ပါတီစုံအထွေထွေ ရွေးကောက်ပွဲသည် မိမိတို့နိုင်ငံအတွက် အရေးကြီးသည့် လုပ်ငန်းတာဝန်တစ်ခု ဖြစ်ပါကြောင်း၊ ထိုရွေးကောက်ပွဲတွင် ပြန်လည်ယှဉ်ပြိုင်အရွေးခံကြရမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပါတီစုံအထွေထွေရွေးကောက်ပွဲကို လွှတ်လပ်ပြီး တရားမျှတမှုရှိစွာဖြင့် အောင်မြင်ချောမွေ့စွာ ပြီးစီးရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကိုလိုက်နာပြီး ပြည်သူများအားလုံးနှင့်အတူ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိသည့် ပါတီစုံအထွေထွေရွေးကောက်ပွဲ ဖြစ်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကသာ တာဝန်ရှိသည် မဟုတ်ဘဲ ပြည်သူများအားလုံးနှင့်အတူ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး စသည့် မဏ္ဍိုင်ကြီးများအားလုံးက ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပူးပေါင်းပါဝင်ကြရမည်ဖြစ်ပါကြောင်း။

၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေဆိုင်ရာ လုပ်ငန်းများအတွက် ပြီးစီးကြောင်းအစီရင်ခံစာ ပေးပို့တင်ပြထားသည်မှာ ၁၀၃ မြို့နယ်သာ ရှိသေးပါကြောင်း၊ ကျန်ရှိသည့် မြို့နယ်များအနေဖြင့် သတ်မှတ်ရက်အတွင်း ပေးပို့ကြရန်နှင့် အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိသည့် ပိုလျှံရန်ပုံငွေများကိုလည်း ငွေတိုက်ဦးစီးဌာနသို့ အချိန်မီ ပြန်လည်အပ်နှံကြရန် ဖြစ်ပါကြောင်း။

မိမိတို့ ပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသား ပြည်သူများ အကျိုးစီးပွားအတွက်ဆိုပါက သစ္စာရှိရှိတာဝန်သိသိဖြင့် ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ကိုးကွယ်သည့် ဘာသာအစွဲများမထားရှိဘဲ ပူးပေါင်း ညှိနှိုင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ကုန်လွန်ခဲ့သည့် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းကာလ အတွေ့အကြုံများအရ လွှတ်တော်ကိုယ်စားလှယ်များ၏ ကြိုးစားအားထုတ်မှု၊ လေ့လာမှုနှင့် တည်ငြိမ်ရင့်ကျက်မှု၊ အပြန်အလှန်နားလည်ခွင့်လွှတ်မှုနှင့် စိတ်ရှည်သည်းခံမှုတို့သည် မိမိတို့၏ လွှတ်တော်ဆိုင်ရာ လုပ်ငန်းများ တိုးတက်အောင်မြင်ရန်အတွက် မည်မျှအထိအရေးကြီးသည်ကို အားလုံးသိရှိကြမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံတော်နှင့် ပြည်သူများအကျိုးအတွက် ဆတက်ထမ်းပိုးသယ်ပိုး ဆောင်ရွက်ပေးနိုင်ကြပါစေဟု အလေးအနက် ဆန္ဒပြု မှာကြားလိုပါကြောင်း ပြောကြားသည်။

## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာပြီးမြောက်

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ယခု ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ ကျင်းပပြီးစီးပြီဖြစ်ပါကြောင်းနှင့် ဒုတိယအကြိမ် ပြည်ထောင်စု လွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**




## မျိုးစေ့ထုတ်တောင်သူများအား ထောက်ပံ့ငွေပေးအပ်

**ရေတာရှည် ဩဂုတ် ၂၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ ၂၀၁၉-၂၀၂၀ ပြည့်နှစ် မိုးစပါးရာသီ မျိုးစေ့ထုတ်တောင်သူများအား ကိုဗစ်-၁၉ ကာလ စီးပွားရေးကုစားမှု အစီအစဉ်အရ ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့ မွန်းလွဲပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနေလင်းဇော်က ထောက်ပံ့ငွေပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာအုပ်စု ၂၃ စုမှ မျိုးစေ့ထုတ်တောင်သူ ၁၁၈ ဦးအား စိုက်ပျိုးဧက ၄၀၀ အတွက် ငွေကျပ် ၃၃၄ သိန်း သုံးသောင်းကို တာဝန်ရှိသူများက ပေးအပ်သည်။

**သန်းလွင်**

## ပန်နန်းဒင်မြို့၌ အခြေခံလူတန်းစားများအား ဒုတိယအကြိမ် ထောက်ပံ့ငွေပေးအပ်

**ပန်နန်းဒင် ဩဂုတ် ၂၈**

ကချင်ပြည်နယ် ပန်နန်းဒင်မြို့တွင် ကိုဗစ်-၁၉ ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား နိုင်ငံတော်အစိုးရမှ ထောက်ပံ့သည့်ငွေများကို ယနေ့ နံနက် ၈ နာရီ က ပန်နန်းဒင်ရှိ အိမ်ထောင်စု ၁၀ စုအတွက် အိမ်တိုင်ရာရောက် သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါထောက်ပံ့ပေးအပ်ရာတွင် ပန်နန်းဒင်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးနေမင်းထွန်းနှင့် အဖွဲ့ဝင်များက အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် နှစ်သောင်းနှုန်းဖြင့် အိမ်ထောင်စု ၁၀ စု အတွက် ငွေကျပ် နှစ်သိန်းကို အိမ်တိုင်ရာရောက် ဒုတိယအကြိမ်အဖြစ် ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**နောယော်ဘော်(ပြန်/ဆက်)**

# လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် လျှပ်စစ်ကဏ္ဍနှင့် ပတ်သက်သည့် တတိယနှင့် စတုတ္ထသုံးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၂၈

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် လျှပ်စစ်ကဏ္ဍနှင့် ပတ်သက်သည့် တတိယနှင့် စတုတ္ထသုံးလပတ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်ရေး နည်းစနစ်များနှင့်အညီ Video Conferencing စနစ်ဖြင့် ကျင်းပသည်။** (ယာပုံ)



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ယခုအစည်းအဝေးသည် ပထမနှင့် ဒုတိယသုံးလပတ်အတွင်း ကျင်းပခဲ့သည့် အစည်းအဝေးများနှင့် မတူဘဲ တတိယသုံးလပတ်အတွင်း ကိုဗစ်-၁၉ ကြောင့် ရွှေ့လျားသွားခဲ့သည့် စီမံကိန်းလုပ်ငန်းများ၊ စာချုပ်ချုပ်ဆိုမှုများ၊ ငွေပေးချေမှုများကို စတုတ္ထသုံးလပတ်အတွင်း မည်သို့ပြီးစီးရန် လုပ်ဆောင်သွားမည်ဆိုသည်ကို သိလို၍ အစည်းအဝေးခေါ်ယူရခြင်း ဖြစ်ပါကြောင်း၊ မကြာမီအချိန်အတွင်း ဘတ်ဂျက်နှစ်အသစ်ကာလသို့ ရောက်ရှိတော့မည်ဖြစ်ရာ စတုတ္ထသုံးလပတ်အတွင်း ဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်းများ၊ ငွေပေးချေမှုများကို အချိန်မီပြီးစီးစေရေး အထူးဂရုပြုဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိအောင် စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ပေးလိုသည်ဖြစ်ရာ လုပ်ငန်းအပ်နှံစာချုပ်နှင့် ပစ္စည်းဝယ်ယူရေးစာချုပ်များတွင် စိုးရိမ်မှုလွန်ကဲပြီး ချည်နှောင်ထားမှုများကြောင့် ငွေပေးချေမှုများ နှောင့်နှေးခဲ့ရပါကြောင်း၊ အဆိုပါ စာချုပ်များကိုလည်း ပြင်ဆင်သုံးသပ်သွားရန် မှာကြားလိုပါကြောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ အဆင့်ဆင့် တာဝန်ယူမှု၊ တာဝန်ခံမှုစနစ်ဖြင့် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိမှုသည် အလွန်အရေးကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်နေသည်ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့်လည်း လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်၍ ယခုနှစ်တွင် Generation၊ Transmission၊ Distribution အပိုင်းတို့တွင် တိုးတက်ဖြစ်ပေါ်မှုများကို ပိုမိုကောင်းမွန်လာစေရန် မျှော်မှန်းထားသည့်အတွက် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးနေပါကြောင်း။

Generation နှင့် ပတ်သက်၍ နိုင်ငံပိုင် စက်ရုံ၊ ပုဂ္ဂလိကစက်ရုံများရှိရာ စက်ရုံမှူးများအနေဖြင့် မိမိတို့တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ရန် လိုအပ်ပြီး မိမိတို့ စက်ရုံ၏ Protection အားနည်းချက်ကြောင့် စက်ချွတ်ယွင်းမှုဖြစ်ပေါ်ပါက စက်ရုံများရပ်တန့်၍ မဂ္ဂါဝပ်များစွာ ဆုံးရှုံးသွားနိုင်ပါကြောင်း၊ Transmission နှင့်ပတ်သက်၍ Supply ကောင်းစွာရှိခြင်းနှင့် ဓာတ်အား ဝယ်ယူခြင်းများ ဆောင်ရွက်ထားသော်လည်း ပြည်သူများကို ပြည့်ဝစွာ မဖြန့်ဖြူးပေးနိုင်ပါက အကျိုးဖြစ်ထွန်းမည် မဟုတ်သည့်အတွက် Transmission Side ကိုလည်း အလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ Distribution တွင်လည်း ကြိုးစား၍ Outage နည်းရန်၊ Losses နည်းရန် ဝန်ဆောင်မှုကောင်းအောင် အချိန်ပြည့် ဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း။

တစ်နိုင်ငံလုံး၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှု ၅၀ ရာခိုင်နှုန်းကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် နိုင်ငံတော်ဓာတ်အားစနစ်မှ ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ယခုလက်ရှိတွင် မြန်မာတစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားသုံးစွဲမှု ၅၄ ဒသမ ၁၅ ရာခိုင်နှုန်းအထိ တိုးတက်ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံး၏ ၇၅ ရာခိုင်နှုန်းအထက်နှင့် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး၏ ၁၀၀ ရာခိုင်နှုန်း အပြည့်အဝ လျှပ်စစ်ဓာတ်အားရရှိရေး စွမ်းအင်အရင်းအမြစ် အမျိုးမျိုးကို အသုံးပြု၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မိမိတို့ ရည်မှန်းချက်ဖြစ်သည့် ပြည်သူများ လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ် သုံးစွဲနိုင်စေရေးအတွက် ကြိုးပမ်း ဆောင်ရွက်ခဲ့ကြပါကြောင်း။

ယခုအချိန်သည် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်လျက်ရှိသည့် ကန့်သတ်ကာလဖြစ်သည့်အတွက် မိမိတို့၏လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရေး အထူးဂရုပြုပြီး အာရုံစိုက်၍ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်၍ ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များအား အလေးထားလိုက်နာ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးဌာန၊ လုပ်ငန်း၊ ကော်ပိုရေးရှင်းများမှ ဌာနကြီးမှူးများ၊ တည်ဆောက်ရေး ညွှန်ကြားရေးမှူးများ၊ စီမံကိန်းညွှန်ကြားရေးမှူးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာများက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပထမနှင့် ဒုတိယ သုံးလပတ် လုပ်ငန်းဆောင်ရွက်မှုများ၊ ရန်ပုံငွေလျာထားသုံးစွဲခဲ့မှုနှင့် စီမံကိန်းပြီးစီးမှု၊ တတိယ သုံးလပတ် ကိုဗစ်-၁၉ ကာလအတွင်း ပြန်လည်အပ်နှံခဲ့ရသည့် အထွေထွေပို့လျှံရန်ပုံငွေ စာရင်းနှင့် ပြန်လည်ထုတ်ယူသုံးစွဲမှု၊ တတိယနှင့် စတုတ္ထသုံးလပတ် လုပ်ငန်းဆောင်ရွက်မှု၊ ရန်ပုံငွေလျာထားချက်၊ ပြီးစီးမှုနှင့် ပြီးစီးနိုင်မည့် စီမံကိန်းလုပ်ငန်းအခြေအနေ၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ဒုတိယသုံးလပတ်အထိ လုပ်ငန်းဆောင်ရွက်မှု၊ ရန်ပုံငွေလျာထားသုံးစွဲမည့် အခြေအနေတို့အား ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက တင်ပြမှုများအပေါ် သုံးသပ်ဆွေးနွေးတင်ပြသည်။ ထို့နောက်ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ပြည်တွင်းအလုပ်အကိုင်ဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဩဂုတ် ၂၈**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ပြည်တွင်းအလုပ်အကိုင်ဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်မြင့်၊ ဒုတိယဥက္ကဋ္ဌ၊ အလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်း မြို့နယ်ရှိ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း ပင်လုံခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**





### ကြိုးပမ်းဆောင်ရွက်

ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက် ပေးလျက်ရှိပါကြောင်း၊ အေဂျင်စီများအနေဖြင့် အလုပ်ရှင်နှင့် အလုပ်သမားများကို ချိတ်ဆက်ပေးရန် အရေးကြီးပြီး ဂုဏ်သိက္ခာရှိသည့် အေဂျင်စီများ ဖြစ်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် လိုကြောင်း၊ မိမိတို့အနေဖြင့် လိုအပ်သည်များကို ပံ့ပိုးကူညီပေးမည်ဖြစ်ပြီး ယခုကဲ့သို့ တွေ့ဆုံခြင်းသည် အေဂျင်စီများ၏ အရေးပါမှုကို အသိအမှတ်ပြုခြင်းပင် ဖြစ်ပါကြောင်း၊ ယခုဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်းနှင့် အေဂျင်စီများအနေဖြင့် သတ်မှတ်စည်းမျဉ်း စည်းကမ်းများကို တိကျစွာ လိုက်နာပြီး အလုပ်ရှင်နှင့် အလုပ်သမားများ အကျိုးကို သယ်ပိုး၍ ဝန်ဆောင်မှုပေးကြရမည်ဖြစ်ပါကြောင်း၊ အသင်းဝင်အချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် အမြော်အမြင်ရှိရှိ ပူးပေါင်းဆောင်ရွက်ရန်နှင့် အသင်းဝင်များအနေဖြင့် လုပ်ငန်းဆိုင်ရာ အခက်အခဲများ၊ အကြံပြုလိုသည်များရှိက ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြရန်လိုကြောင်း၊ နိုင်ငံတော်က အားကိုးအားထားပြုရသည့် အေဂျင်စီတစ်ခု ဖြစ်စေရေးအတွက် ဆက်လက် ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားသည်။

### ပေါင်းစပ်ညှိနှိုင်း

ထို့နောက် ပြည်တွင်းအလုပ်အကိုင်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များက လက်ရှိလုပ်ငန်းဆောင်ရွက်မှုနှင့် ကြုံတွေ့နေရသည့်အခက်အခဲများ၊ ဝန်ကြီးဌာနအနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

### သက်သေခံကတ်ပြားထုတ်ပေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် KB Bank မှ ဆောက်လုပ်နေသည့် CBT Test အဆောက်အအုံ ဆောက်လုပ်နေမှုနှင့် ပြည်ပသို့ ထွက်ခွာမည့် အလုပ်သမားများအား ပြည်ပအလုပ်အကိုင် သက်သေခံကတ်ပြား (OWIC Card) ထုတ်ပေးနေမှုကို ကြည့်ရှုစစ်ဆေး၍ သင်တန်းခန်းမ၌ ဂျပန်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် ရွှေ့ပြောင်းလုပ်သားများကို ပြည်ပအလုပ်အကိုင် လမ်းညွှန်မှုသင်တန်းပို့ချနေမှုကို ကြည့်ရှုအားပေးသည်။

### ကြည့်ရှုအားပေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းသားများအား လိုအပ်သည်များ မှာကြား၍ အောင်မြင်မှုအထည်ချုပ်သင်တန်းခန်းမ၌ အထည်ချုပ်သင်တန်းလက်တွေ့ သင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောင်းကုန်း၌ စပါးခင်းအတွင်းသို့ ငါးသားပေါက်ကောင်ရေ ၆၀၀၀၀ ကျော် ငါးမျိုးစိုက်ထည့်

**ကျောင်းကုန်း ဩဂုတ် ၂၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ညွှန်ကြားမှုဖြင့် ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတများ တိုးပွားလာစေရေး၊ ငါးထုတ်လုပ်မှု ပိုမိုတိုးတက်စေရေးအတွက် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို တံခွန်တိုင်အုပ်စု အဝစုကျေးရွာ၌ ယနေ့နံနက် ၈ နာရီက ကျင်းပသည်။

အဆိုပါ စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ ရေဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးသော်ထွန်းဦး၊ ပုသိမ်ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးအေးနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်း၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးခင်အောင်ဆွေနှင့်ဌာနဆိုင်ရာများ၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးမှူး ဦးဇော်လွင်နှင့် ဝန်ထမ်းများက တောင်သူ ဦးမြသန်း အပါအဝင် တောင်သူ ၁၅ ဦး၏ လယ်မြေဧက ၁၃၇ ဒသမ ၀၀ ဧကအတွင်းသို့ ငါးခုံးမကြီး၊ ငါးသန်သားပေါက်ကောင်ရေ ၆၈၅၀၀ ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်တွင် လျင်မြန်စွာ ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ အား ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဗဟို၊ ရခိုင်ပြည်နယ်နှင့် အခြားတိုင်းဒေသကြီး / ပြည်နယ်များမှ ကျန်းမာရေးကဏ္ဍတာဝန်ရှိသူများနှင့် ကွင်းဆင်းအဖွဲ့များ Video Conferencing စနစ်ဖြင့် ဆွေးနွေး



နေပြည်တော် ဩဂုတ် ၂၈

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်တွင် လျင်မြန်စွာကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ အား ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဗဟို၊ ရခိုင်ပြည်နယ်နှင့် အခြား တိုင်းဒေသကြီး/ ပြည်နယ်များမှ ကျန်းမာရေးကဏ္ဍတာဝန်ရှိသူများနှင့် ကွင်းဆင်းအဖွဲ့များ Video Conferencing စနစ်ဖြင့် ဆွေးနွေးပွဲသို့ နေပြည်တော်မှ ပါဝင်တက်ရောက်သည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဩဂုတ် ၁၆ ရက်မှ ယနေ့နံနက်ပိုင်းအထိ ရခိုင်ပြည်နယ်တွင် ကိုဗစ်-၁၉ ဖြစ်ပွားသူ ၂၁၆ ဦး တွေ့ရှိခဲ့ပြီး အခြားတိုင်းဒေသကြီး/ ပြည်နယ်များမှ စစ်တွေမြို့သို့ ခရီးသွားရာဇဝင်ရှိသူ ခြောက်ဦးတွင်လည်း ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားသည်ကို တွေ့ရှိရပါကြောင်း၊ ရခိုင်ပြည်နယ်၌ ကိုဗစ်-၁၉ သည် အချိန်တိုကာလအတွင်း များပြားစွာတွေ့ရှိလျက်ရှိပြီး ကပ်ရောဂါ၏ သဘောသဘာဝအရ ရက်အနည်းကြာ ဆက်လက်များပြားနိုင်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ထိန်းချုပ်မှုလုပ်ငန်းများကို အထူးဝါယမစိုက်ထုတ်၍ လုပ်ဆောင်လျက်ရှိသဖြင့် ရောဂါဖြစ်ပွားမှုအရှိန်သည် မကြာခင်ကာလ၌ နှေးကွေးသွားနိုင်မည်ဟု ယူဆပါကြောင်း၊ ထိုကဲ့သို့ ကူးစက်ဖြစ်ပွားမှု ရုတ်တရက်များပြားလာခြင်းသည် ကိုဗစ်-၁၉ ကူးစက်ခံနေသူများသည် မိမိ၌ ရောဂါဖြစ်ပွားနေသည်ကိုမသိရှိဘဲ ခရီးသွားလာမှုများပြားခဲ့ကာ လူအများနှင့် ထိတွေ့မိခဲ့ခြင်းကြောင့် ဖြစ်ပါကြောင်း။

## မျိုးဗီဇအစိတ်အပိုင်းတစ်ခုသည် ပြောင်းလဲ

ဆေးသုတေသနဦးစီးဌာနတွင် ကနဦးစစ်ဆေးချက်အရ ရခိုင်ပြည်နယ်မှ ဓာတ်ခွဲနမူနာ (၉) ခုလုံးတွင် ကိုဗစ်-၁၉ ရောဂါပိုး၏ မျိုးဗီဇအစိတ်အပိုင်းတစ်ခုသည် ပြောင်းလဲလျက်ရှိသည်ကို တွေ့ရှိရသဖြင့် ယခုကဲ့သို့ ကူးစက်မှုမြန်ဆန်နေသည်ဟု ယူဆပါကြောင်း၊ မျိုးဗီဇတစ်ခုလုံးကို ဆေးသုတေသနဦးစီးဌာနမှ ဆက်လက်စစ်ဆေးလျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်၌ ဩဂုတ် ၁၆ ရက် နောက်ပိုင်းတွေ့ရှိရသော ကိုဗစ်-၁၉ လူနာများတွင် ရောဂါလက္ခဏာတစ်စုံတစ်ရာမပြသဘဲ အမြင်အားဖြင့် နေကောင်းနေသူများမှာ ၇၉ ရာခိုင်နှုန်းအထိရှိနေသည့်အတွက် ရောဂါပိုးရှိသူများ မိမိတို့ပတ်ဝန်းကျင်တွင် ရောက်ရှိနေနိုင်သည်ဖြစ်၍ ပြည်သူများအနေဖြင့် ရောဂါကူးစက်ခြင်းမခံရစေရန်အတွက် "လူစုလူဝေးရှောင်ရှား ခြင်း၊ တတ်နိုင်သမျှနေအိမ်တွင်သာ နေထိုင်ခြင်း၊ နှာခေါင်းနှင့် ပါးစပ်စည်းတပ်ဆင်ခြင်း၊ လက်ကိုစနစ်တကျ စက္ကန့် (၂၀) ကြာအောင် ဆေးကြောခြင်းနှင့် ရခိုင်ပြည်နယ်သို့ ခရီးသွားရာဇဝင်ရှိသူများအား တွေ့ရှိပါက သက်ဆိုင်ရာသို့ ချက်ချင်းအသိပေးအကြောင်းကြားခြင်း" တို့ကို တိကျစွာလိုက်နာဆောင်ရွက်ကြမှသာလျှင် ဤရောဂါကူးစက်ဖြစ်ပွားမှုကို အချိန်တိုအတွင်း လျှော့ချနိုင်မည်ဖြစ်ပါကြောင်း။

ထိုသို့ ပြည်သူများသိရှိလိုက်နာ ဆောင်ရွက်စေရေးအတွက် လက်ကိုင်အသံချဲ့စက်များအသုံးပြုကာ အသိပေးနှိုးဆော်မှုများကို ရပ်ကွက်များတွင် သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်း၍ နေ့စဉ် (၅) ကြိမ်ခန့် ပြုလုပ်သွားရမည်ဖြစ်ပါကြောင်း၊ ဩဂုတ် ၁၀ ရက်မှ ၂၇ ရက်အတွင်း ရခိုင်ပြည်နယ်မှ လေကြောင်းခရီးစဉ်ဖြင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်များသို့ ရောက်ရှိသွားသူ ၅၇၀၀ ကျော်ရှိပြီး ထိုသူများအနက် အချို့သည် ကိုဗစ်-၁၉ ကူးစက်လျက်ရှိသူများဖြစ်နိုင်ပါကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ်သို့ ဩဂုတ် ၁၀ ရက်နောက်ပိုင်း ခရီးသွားရာဇဝင်ရှိခဲ့သူများအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းအကြောင်းကြားရမည်ဖြစ်ပါကြောင်း။

ထိုသူများမှတစ်ဆင့် အခြားသူများသို့ အဆင့်ဆင့် ထပ်မံကူးစက်ခြင်းများ နိုင်ငံတစ်ဝန်းတွင် ဖြစ်ပွားခြင်း မရှိစေရေးအတွက် မိမိတို့အနေဖြင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်း အရှိန်အဟုန်ကို ပုံမှန်ထက် (၂) ဆခန့် မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ပြီး ဝန်ကြီးဌာနမှ လိုအပ်ချက်များအား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်၌ ကိုဗစ်-၁၉ ဖြစ်ပွားနေသည့်ပုံစံကို ကပ်ရောဂါဗေဒနှင့် ပြည်သူ့ကျန်းမာရေးရှုထောင့်မှ သုံးသပ်ပါက ရောဂါထိန်းချုပ်ရေးကိစ္စများကို အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာဆုံးဖြတ်၍ တုံ့ပြန်ဆောင်ရွက်မှသာလျှင် ထိန်းချုပ်နိုင်မည် ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်တွင်ဆောင်ရွက်ရမည့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများနှင့် အခြား တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများသည် ထပ်တူညီမျှဖြစ်မည်မဟုတ်ပါကြောင်း၊ ဝန်ကြီးဌာနသည် ကပ်ရောဂါဗေဒသဘောတရားများနှင့်အညီ ကိုဗစ်-၁၉ အား ကာကွယ်ထိန်းချုပ်ရာတွင် ပြောင်းလဲလျက်ရှိသော အခြေအနေအရပ်ရပ်နှင့်အညီ လုပ်ငန်းနည်းဗျူဟာနှင့် လုပ်ငန်းစဉ်များကို မွမ်းမံကာ တုံ့ပြန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိရေးဆွဲထားသည် လုပ်ငန်းလမ်းညွှန်များနှင့် စံလုပ်ထုံးလုပ်နည်းများကိုလည်း ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ထပ်မံတွေ့ရှိချက်အသစ်များ၊ ကူးစက်ပျံ့နှံ့ပုံစံများ၊ ပြောင်းလဲလျက်ရှိသော ရောဂါလက္ခဏာများ စသည်တို့နှင့်အညီ မွမ်းမံရေးဆွဲကာ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးရမည် ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရရှိနိုင်သည့် လူ့စွမ်းအား၊ အချိန်၊ ဘဏ္ဍာငွေ၊ ပစ္စည်းကိရိယာ အရင်းအမြစ်များနှင့် ပကတိမြေပြင်အခြေအနေတို့ကို ချိန်ထိုးကာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ယခုအချိန်၌ ရခိုင်ပြည်နယ်သို့ ခရီးသွားလာခဲ့သူများသည် အခြားတိုင်းဒေသကြီး/ ပြည်နယ်များသို့ ရောက်ရှိနေသဖြင့် အလုပ်သမားနှင့် ဝန်ထမ်းများပြားစွာ စုရုံးလုပ်ကိုင်လျက်ရှိသော စက်ရုံနှင့် အလုပ်ရုံများတွင် ရောဂါကူးစက်မှုမရှိစေရေးနှင့် ကပ်ရောဂါအသွင် မဖြစ်စေရေးအတွက် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ အပြည့်အဝလိုက်နာ ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာတာဝန်ရှိသူများက စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးလုပ်ငန်းများကို အားဖြည့်လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း။

ကိုဗစ်-၁၉ လူနာနှင့် ထိတွေ့ခဲ့သူများအား ရှာဖွေထောက်လှမ်းခြင်း ဆောင်ရွက်ရာတွင် လူနာတစ်ဦးချင်းကို မေးမြန်းရမှု၊ ၎င်းတို့နှင့် ထိတွေ့ခဲ့သူများအား ဆက်သွယ်ရှာဖွေရမှု လုပ်ငန်းများသည် လူအင်အားနှင့် အချိန်တို့ကို သုံးစွဲဆောင်ရွက်ရခြင်းဖြစ်ပြီး လိုအပ်သည့် ပံ့ပိုးမှုများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ အတတ်နိုင်ဆုံးနှင့် အမြန်ဆုံး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယာယီစခန်း (IDP camp) များနှင့် ပြန်လည်လက်ခံရေးစခန်းတွင် ကပ်ရောဂါအစုလိုက်ပုံစံဖြင့် ဖြစ်ပွားနိုင်သဖြင့် ကျန်းမာရေးအသိပညာပေးနှိုးဆော်ခြင်းနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုမှု လုပ်ငန်းများကို အားဖြည့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ "ပါးစပ်နှင့်နှာခေါင်းစည်း (mask) မတပ်ဆင်သူများအား ဈေးများသို့ ဝင်ခွင့်မပြုရေးနှင့် မြို့တွင်းနှင့် အဝေးပြေးယာဉ်များတွင် စီးနင်းခွင့်မပြုရေး"တို့ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့တို့နှင့် ပူးပေါင်း၍ လုပ်ဆောင်ကြရန်မှာ ယခုအချိန်အခါ၌ အထူးအရေးကြီးနေပြီဖြစ်ပါကြောင်း။

## ဓာတ်ခွဲစစ်ဆေးမှု တိုးမြှင့်လုပ်ဆောင်

ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိပြီး ဓာတ်ခွဲမှုဆိုင်ရာပစ္စည်းများ ပြတ်လပ်မှုမရှိစေရန်အတွက် ကြိုတင်တွက်ဆ ဝယ်ယူထားရှိသည့်အပြင် GeneXpert စက်များကိုလည်း ရခိုင်ပြည်နယ်ရှိ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲ၊ မြောက်ဦးနှင့် မောင်တောမြို့နယ်တို့တွင် တပ်ဆင်ကာ ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုများ ပြုလုပ်နေပြီဖြစ်ပါကြောင်း၊ စစ်တွေပြည်သူ့ဆေးရုံကြီးတွင် ထပ်မံလိုအပ်မည့် အထူးကြပ်မတ်ကုသသည့် လူနာခုတင်များနှင့် အသက်ရှူစက်များကိုလည်း ချက်ချင်းဖြည့်ဆည်းလျက်ရှိပါကြောင်း၊ ယခုအခါတွင် စစ်တွေမြို့၌ လူနာများထားရှိရန်အတွက် သူနာပြုသင်တန်းကျောင်းနှင့် တိုင်းရင်းဆေးရုံတို့ကို ယာယီဆေးရုံအဖြစ် အသုံးပြုလျက်ရှိပြီး ထပ်မံတိုးမြှင့်လာနိုင်သည့် လူနာများအတွက် ယာယီဆေးရုံတစ်ခု ထပ်မံဖွင့်လှစ်တည်ထောင်နိုင်ရေး စီစဉ်ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား နိုင်ငံတစ်ဝန်းလုံးတွင် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်နေသည့် ဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ မိမိဆန္ဒအလျောက် သွားရောက်တာဝန်ထမ်းဆောင်နေသည့် ကျန်းမာရေးဝန်ထမ်းများနှင့် နီးနွှယ်ဌာန၊ အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများ၊ ပြည်သူများအားလုံးကို ကျေးဇူးတင်ရှိ ဂုဏ်ယူပါကြောင်း၊ ယခုအစည်းအဝေးတွင် ရခိုင်ပြည်နယ်တွင် COVID-19 ပျံ့နှံ့မှုများနှင့် အခြားတိုင်း ဒေသကြီး/ ပြည်နယ်များသို့ ပျံ့နှံ့မှုများအား ကာကွယ်ထိန်းချုပ်ရေးအတွက် လိုအပ်သည်များနှင့် အကြံပြုချက်များအား ပွင့်ပွင့်လင်းလင်း ဆွေးနွေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းဝင်းဇော်လှိုင်က ရခိုင်ပြည်နယ်တွင် လက်ရှိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေမှု အခြေအနေများ၊ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဓာတ်ခွဲနမူနာများ ရခိုင်ပြည်နယ် စစ်တွေနှင့် ကျောက်တော်မြို့များတွင် စစ်ဆေးနေမှုနှင့် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ပို့ဆောင်နေမှု၊ ဆေးရုံများတွင် ရောဂါကူးစက်မှု ကာကွယ်ထိန်းချုပ်ခြင်း (hospital infection prevention and control) လုပ်ငန်းများကို အားဖြည့်ဆောင်ရွက်နေမှု၊ သူနာပြုသင်တန်းကျောင်းနှင့် တိုင်းရင်းဆေးရုံတို့ကို ယာယီဆေးရုံအဖြစ် အသုံးပြုကာ လူနာများ ထားရှိမှု၊ ကူးစက်နိုင်ချေများသည့် လူအုပ်စုများနှင့် နေရာဒေသများကို ကျပန်းစနစ်ဖြင့် ရွေးချယ်ကာ ဓာတ်ခွဲစစ်ဆေးခြင်းဖြင့် ရောဂါကူးစက်ပျံ့နှံ့မှုပုံသဏ္ဌာန်များကို ဆန်းစစ်ဖော်ထုတ်ရေးဆောင်ရွက်နေမှုများကို လည်းကောင်း။

## ဝိုင်းဝန်းဆွေးနွေးအကြံပြု

ဆက်လက်၍ ဗဟိုကွင်းဆင်းအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူး ဒေါက်တာဉာဏ်ဝင်းမြင့်က စစ်တွေမြို့တွင်းနေရာများ၊ ကျန်းမာရေးဌာနများနှင့် ယာယီစခန်းများသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ကပ်ရောဂါဗေဒရှုထောင့်မှ ဆန်းစစ်တွေ့ရှိချက်များနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ ကိုဗစ်-၁၉ လူနာနှင့် ထိတွေ့ခဲ့သူများအား ရှာဖွေထောက်လှမ်းခြင်း လုပ်ဆောင်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်က ရန်ကုန်တိုင်းဒေသကြီးတွင် ဓာတ်ခွဲနမူနာများ ကွင်းဆင်းကောက်ယူမှု၊ အသွားအလာကန့်သတ်မှု၊ ကိုဗစ်-၁၉ လူနာနှင့် ထိတွေ့ခဲ့သူများအား ရှာဖွေထောက်လှမ်းမှု လုပ်ငန်းများအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှု အတွေ့အကြုံများကို လည်းကောင်း၊ ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းတင်က လက်ရှိတွင် ကိုဗစ်-၁၉ ပျံ့နှံ့ကူးစက်မှုနှင့် ကပ်ရောဂါဗေဒ ဆန်းစစ်ချက်များကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါက်တာတိုးသီရိအောင်က မြန်မာနိုင်ငံမှ ကိုဗစ်-၁၉ လူနာများ၏ ရောဂါပျံ့နှံ့ကူးစက်မှု၊ ရောဂါလက္ခဏာများ၊ နေရာဒေသ၊ အသက်အုပ်စု၊ ကျား/မ၊ အလုပ်အကိုင်အလိုက် ဆန်းစစ်ချက်များကိုလည်းကောင်း၊ ကုသရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာလှက ဆေးရုံအသီးသီးတွင် ကိုဗစ်-၁၉ လူနာများ ကုသမှုခံယူနေမှုအခြေအနေများ၊ ရခိုင်ပြည်နယ်တွင် ဩဂုတ် ၂၆ ရက်မှစ၍ တွေ့ရှိရသော ကိုဗစ်-၁၉ လူနာ ၂၁၆ ဦး၏ ကျန်းမာရေးအခြေအနေကောင်းမွန်နေမှုနှင့် ၎င်းလူနာများတွင် အသက်အရွယ်ကြီးသူများနှင့် အခြားအခံရောဂါရှိသူများ ၁၆ ဦး ပါဝင်နေမှုကိုလည်းကောင်း တင်ပြကြသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေး အကြံပြုခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ရခိုင်ပြည်နယ်၌ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အဖွဲ့အစည်းများစွာ ဝိုင်းဝန်းဆောင်ရွက်နေသည်ဖြစ်သည့်အပြင် လုပ်ငန်းကဏ္ဍာရပ်မျိုးစုံ ပါဝင်သည်ဖြစ်၍ တာဝန်ခွဲဝေသတ်မှတ်ထားရှိကာ ချိန်သားကိုက်ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားကာ အကြံပြုဆွေးနွေးချက်များအပေါ် ပြန်လည်ဆွေးနွေးခြင်းနှင့် လိုအပ်ချက်များအား စီစဉ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၂၇-၈-၂၀၂၀ နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ၂၁-၇-၂၀၂၀ နေ့မှ ၂၁-၈-၂၀၂၀ နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ငါးဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် လေးဦး၊ မဂ္ဂဇင်းနှစ်ဦး၊ အထွေထွေ ၃၆ ဦး၊ ပေါင်း ၄၂ ဦးကို လည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လျှောက်ထားသူ ၁၇ ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၆၇ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၉၇၁ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၃၈ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၉၇၆ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**

**(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၆ ။)**

**၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်**

**( ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၈ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေပုဒ်မ ၈ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်–

"၈။ တာဝန်နှင့် လုပ်ပိုင်ခွင့်ရှိသူ မည်သူမျှ တည်ဆဲဥပဒေနှင့်အညီ ခွင့်ပြုမိန့်၊ ခွင့်ပြုချက် သို့မဟုတ် ဝရမ်းတစ်စုံတစ်ရာမရှိဘဲဖြစ်စေ၊ နိုင်ငံတော်သမ္မတ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲဖြစ်စေ–"

၃။ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေပုဒ်မ ၁၀ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၁၀။ တာဝန်နှင့်လုပ်ပိုင်ခွင့်ရှိသူမည်သူမဆို ပုဒ်မ ၇ ပါ တားမြစ်ချက်ကိုသော်လည်းကောင်း၊ ပုဒ်မ ၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးခြောက်လမှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ် ၁၅ သိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။"

၄။ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေပုဒ်မ ၁၃ ၏ နောက်တွင် ပုဒ်မ ၁၄ ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"၁၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၂၀–၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ပြဋ္ဌာန်း

**၂၀၂၀–၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**

**(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၇ ။)**

**၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၈ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အပိုင်း ၁**

**အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်**

၁။ (က) ဤဥပဒေကို ၂၀၂၀–၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၀–၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

**အပိုင်း ၂**

**နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ**

**အခန်း(၁)**

**ရငွေများနှင့်သုံးငွေများ**

၂။ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကိုစီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသောရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၂၀–၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပုဒ်မ ၁၁ အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့်အသုံးစရိတ်များနှင့် စပ်လျဉ်း၍ လည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၂၀ – ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတင်ပြချိန် နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ပုဒ်မ ၁၁ အရ ပိုမိုသုံးစွဲရန်ခွင့်ပြုသည့်ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဘဏ္ဍာရေးကော်မရှင်နှင့်ညှိနှိုင်းရရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများအရ လိုအပ်သည့်ငွေကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စအဖြစ် ထောက်ပံ့ခြင်း၊ လိုအပ်သည့် ချေးငွေများ ထုတ်ချေးခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

**အခန်း(၂)**

**ငွေချေးယူခြင်း**

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက် ဖြစ်စေ၊ ပြည်ထောင်စု၏အရအသုံး ခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်များအတွက် ဖြစ်စေ၊ ပြည်ထောင်စုကတာဝန်ယူရသော ချေးငွေစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့် လည်းကောင်း၊ အခြားနည်းလမ်းများဖြင့် လည်းကောင်း ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ငွေချေးယူနိုင်သည်။ ထိုသို့ ချေးငွေရယူသည့်အခါ သင့်သည်ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ်နိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။ သို့ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှငွေချေးယူခြင်းအတွက် အတိုးနှုန်းနှင့် လိုအပ်သောစည်းကမ်းချက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ညှိနှိုင်းပြီးမှ သတ်မှတ်နိုင်သည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့က ယခင်ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများ ဖြည့်တင်းရန် အာမခံစာချုပ်များရောင်းချခြင်းဖြင့် ရယူခဲ့သည့်ချေးငွေများနှင့် စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ်အသစ်များဖြင့် လဲလှယ်နိုင်သည်။

၈။ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများဖြည့်တင်းရန် အစိုးရငွေချေးသက်သေခံလက်မှတ်များ ဝယ်ယူခြင်းနှင့် ရောင်းချခြင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တာဝန်ပေးအပ်နိုင်သည်။

၉။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ဌာန၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း ပြည်ပမှငွေချေးယူနိုင်သည်။ ပြည်ပမှရရှိသော ချေးငွေများကို နိုင်ငံတော်နှင့်အကျိုးတူဆောင်ရွက်နေသောလုပ်ငန်းများသို့ သင့်လျော်သောစည်းကမ်းချက်များ သတ်မှတ်၍ ပြန်လည်ထုတ်ချေးခွင့်ပြုနိုင်သည်။

၁၀။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤအခန်းပါကိစ္စရပ်များအားလုံးကို ဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား လုပ်ပိုင်ခွင့်အပ်နှင်းနိုင်သည်။

(ခ) ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေအခန်း (၁၀)နှင့်အညီ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဤအခန်းပါ ငွေချေးယူသောကိစ္စများအတွက် နိုင်ငံတော်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

၁၁။ ဇယား(၁)၊ (၃) နှင့် (၇) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးသော ချေးငွေစာချုပ်ချုပ်ဆိုပြီးသည့် ပြည်ပချေးယူရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသောငွေများဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂)၊ (၄) နှင့် (၈) တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန်လိုအပ်ပါက နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ မပြဋ္ဌာန်းမီဖြစ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲခြင်းဖြင့်ဖြစ်စေ၊ ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှဖြစ်စေ ခွင့်ပြုနိုင်သည်။ ယင်းသို့ ခွင့်ပြုမှုများကို ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေပြဋ္ဌာန်းပြီးနောက်ပိုင်းမှ ရရှိပါက ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်သည်။ ယင်းသို့ သုံးစွဲခဲ့သည့် အသုံးစရိတ်များကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

၁၂။ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ဤအခန်းအရ ငွေချေးစာချုပ်များ ချုပ်ဆိုပြီးနောက် အမှန်တကယ် ချေးယူရရှိသည့်ငွေစုစုပေါင်းသည် ကျပ်သန်းပေါင်းတစ်ရာ့တစ်ဆယ်သိန်းထက် မပိုစေရ။ ယင်းတွင် ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပချေးငွေ၌ အမှန်တကယ် ထုတ်ယူသုံးစွဲငွေနှင့် ပြည်တွင်းချေးငွေ၌ အသားတင်ဖြည့်ဆည်းငွေတို့ အကျုံးဝင်သည်။

**(ဆက်လက်ဖော်ပြပါမည်)**

# ကွန်ဟိန်းမြို့နယ် ကာလိမြို့တွင် ငွေကျပ် ၃၂ ဘီလီယံ တန်ဖိုးရှိ အိုက်စ်(မက်အဖက်တမင်း) ၁၆၀၀ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၈**
ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမြို့နယ် ကာလိမြို့တွင် ငွေကျပ် ၃၂ ဘီလီယံ တန်ဖိုးရှိ အိုက်စ် (မက်အဖက်တမင်း) ၁၆၀၀ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကွန်ဟိန်းမြို့နယ် ကာလိမြို့၊ သံလွင်မြစ်ကူးတံတား (တာကော်)ပူးပေါင်း စစ်ဆေးရေးဂိတ်၌ ဩဂုတ် ၂၇ ရက် မွန်းလွဲ ၁ နာရီခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှာဖွေစစ်ဆေးမှုများ ပြုလုပ်နေစဉ် ကာလိမြို့ဘက်မှ မိုင်းပျဉ်းမြို့ဘက်သို့ စိုင်းသန်းထွန်း မောင်းနှင်ပြီး ကျန်းမိန်မေ့(ခ) ဝင်းနိုင် လိုက်ပါလာသည့် ဆီဘောက်ဆာယာဉ်အား မသင်္ကာ၍ စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် စစ်ဆေးရေးဂိတ်သို့မရောက်မီ ယာဉ်အား ရပ်တန့်၍ ယာဉ်မောင်းဖြစ်သူ စိုင်းသန်းထွန်းသည် ကားလမ်း၏ တောင်ဘက်လျှိုအတွင်းမှ တစ်ဆင့် သံလွင်မြစ်အတွင်းသို့ ခုန်ချထွက်ပြေးသွားခဲ့ကြောင်း။

ပူးပေါင်းအဖွဲ့မှ သံလွင်မြစ်အတွင်း စက်လှေဖြင့် သတိပေးပစ်ခတ်ဖမ်းဆီးရာ ရေထဲတွင် ပျောက်ဆုံးလျက်ရှိကြောင်းနှင့် ဆီဘောက်ဆာယာဉ်ကို စစ်ဆေးရာ အိုက်စ် (မက်အဖက်တမင်း) ၁၆၀၀ ကီလိုနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ကျန်းမိန်မေ့ (ခ) ဝင်းနိုင် (၃၆ နှစ်) အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်းနှင့် ကွင်းဆက်ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးရမိရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**



ဖမ်းဆီးရမိသည့် အိုက်စ်(မက်အဖက်တမင်း)များနှင့် ယာဉ်အားတွေ့ရစဉ်။

## ကနီမြို့နယ် ဝင်မနား - တောင်ပြင်လမ်းပေါ်၌ ကုန်ကား တိမ်းမှောက်၍ လေးဦးသေဆုံး၊ ၁၀ ဦး ဒဏ်ရာရရှိ

**ကနီ ဩဂုတ် ၂၈**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ချင်းတွင်းမြစ်မြောက်ဘက်ခြမ်း ဝင်မနား-တောင်ပြင်လမ်းမပေါ်၌ ဩဂုတ် ၂၈ ရက် နံနက် ၇ နာရီခွဲက ကျော်ဇင်လင်း (ခ) လင်း မောင်းနှင်လာသော ယာဉ်အမှတ် MDY 6B/---ခြောက်ဘီးယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါရှိလာသော ဦးခင်မောင်မြင့်၊ ဦးမြို့အောင်၊ ဒေါ်မှတ်ပိုတို့ သုံးဦးနှင့် ကလေးငယ် လေးနှစ်သား တစ်ဦးတို့တွင် ဒဏ်ရာများ ရရှိ၍ ဆေးရုံသို့ ပို့ဆောင်ခဲ့ရာ ဝင်မနားတိုက်နယ်ဆေးရုံတွင် သေဆုံးခဲ့ကြောင်းနှင့် ဒဏ်ရာရရှိသူ ၁၀ ဦးဖြစ်ကြောင်း မြို့နယ်စီမံခန့်ခွဲမှု ကော်မတီရုံးမှ သိရသည်။

အဆိုပါ သေဆုံးသူ လေးဦးနှင့် ဒဏ်ရာရရှိသူ ၁၀ ဦးမှာ ရေဦးမြို့နယ် တောင်ပြင်ငယ်ကျေးရွာမှ ဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူ ၁၀ ဦးအနက် စိုးရိမ်ရသူ သုံးဦး၊ ဒဏ်ရာပြင်းထန်သူ တစ်ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ခြောက်ဦးဖြစ်ပြီး အဆိုပါလူနာများကို ဝင်မနားတိုက်နယ်ဆေးရုံမှ မုံရွာပြည်သူ့ဆေးရုံကြီးသို့ ဆေးကုသမှု ခံယူရန် လွှဲပြောင်းပေးပို့ခဲ့ကြောင်း သိရသည်။

ယာဉ်ကို မဆင်မခြင်မောင်းနှင်သူ ကနီမြို့နယ် ဝင်မနားအုပ်စု ထောက်ကြံ့အိုင်ကျေးရွာနေသူ ကျော်ဇင်လင်း(ခ) လင်း (၃၅နှစ်) ကို ဝင်မနားနယ်မြေရဲစခန်းတွင် အရေးယူဆောင်ရွက်နိုင်ရေးနှင့် ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်ဝင်းကြည်**
**(ပြန်/ဆက်)**

## ဘိုကလေးမြို့နယ်တွင် အမျိုးသားတစ်ဦး မိုးကြိုးထိမှန် သေဆုံး

**ဘိုကလေး ဩဂုတ် ၂၈**
ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် အေးရွာကျေးရွာအုပ်စု (၃) ကညင်ကျေးရွာတွင် ဩဂုတ် ၂၇ ရက် ညနေ ၅ နာရီခွဲ၌ အမျိုးသားတစ်ဦး မိုးကြိုးထိမှန်သေဆုံးမှုဖြစ်ခဲ့သည်။

သေဆုံးသူမှာ ဘိုကလေးမြို့နယ် အေးရွာကျေးရွာအုပ်စု (၃) ကညင်ကျေးရွာနေသူ လှသူအောင် (၃၅နှစ်) ဖြစ်ကြောင်း၊ ၎င်းသည် နေအိမ်အနီးရှိ ဖခင်ဖြစ်သူ အိမ်ခေါင်းရင်း အုန်းပင်နှင့် ဝါးရုံပင်ကြားတွင် လမ်းလျှောက်နေစဉ် မိုးရွာသွန်းပြီး မိုးကြိုးပစ်ခဲ့ခြင်းကြောင့် ဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း၊ အလောင်းကို ရင်ခွဲစစ်ဆေးနိုင်ရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာတာဝန်ခံတို့က ဘိုကလေးမြို့နယ် ခုတင် ၁၀၀ ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်းနှင့် ဘိုကလေးမြို့မရဲစခန်းက သေမှုသေခင်းဖွင့် ဆောင်ရွက်ထားကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

## ရန်ကုန်-မန္တလေး အမြန်လမ်းတွင် စက်ချွတ်ယွင်း၍ ရပ်တန့်ထားသော ရွှေမန်းသူခရီးသည်တင်ယာဉ်အား ခြောက်ဘီးယာဉ်မှ အရှိန်လွန်ဝင်တိုက်မိ၍ နှစ်ဦးသေဆုံး

**တောင်ငူ ဩဂုတ် ၂၈**
ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး တောင်ငူမြို့နယ် ဇီးပင်သာ အမြန်လမ်းရဲစခန်းအပိုင် မိုင်တိုင် ၁၅၃/၅ အနီးတွင် ဩဂုတ် ၂၈ ရက် နံနက် ၂ နာရီခွဲက ယာဉ်တိုက်မှုဖြစ်ကြောင်း သတင်းအရ ဇီးပင်သာ အမြန်လမ်းရဲစခန်းမှ စခန်းမှူး ရဲအုပ် မင်းနိုင် ဦးစီးအဖွဲ့သည် အမြန်လမ်းမီးသတ်တပ်ဖွဲ့နှင့်အတူ သွားရောက်စစ်ဆေးသည်။

ဖြစ်စဉ်မှာ အမြန်လမ်းမကြီး အစုန်လမ်းအတိုင်း မြောက်မှတောင်သို့ သူရဝတီအောင် (၂၇ နှစ်) သရက်ပင်ကျေးရွာ ကျောက်ဆည်မြို့နယ်နေသူမောင်းနှင်ပြီး တစ်ရွာတည်းနေ နေရှိုင်း (၁၇ နှစ်) လိုက်ပါလာသည့် ခြောက်ဘီးယာဉ်သည် အခင်းဖြစ်နေရာအရောက် စက်ချွတ်ယွင်း၍ ရပ်တန့်ပြုပြင်နေသော မကွေး - ရန်ကုန်ပြေးဆွဲနေသည့် ရွှေမန်းသူယာဉ်ကို ဝင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း၊ ယာဉ်တိုက်မှုကြောင့် ခြောက်ဘီးယာဉ်မောင်း သူရဝတီအောင်နှင့် ယာဉ်နောက်လိုက် နေရှိုင်းတို့မှာ ရရှိသော ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးသွား၍ ဇီးပင်သာအမြန်လမ်းရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**သန်းလွင်**

## အင်းတော်မြို့နယ်အတွင်းမှ တရားမဝင်ကျွန်းသစ် အလုံး ၁၆၀ ဖမ်းမိ

**အင်းတော် ဩဂုတ် ၂၈** - စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ကျွန်းတောကျေးရွာအနီး မဲဇာချောင်းဘေးနေရာမှ တရားမဝင်ကျွန်းသစ်လုံးများ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှ ဩဂုတ် ၂၆ ရက် မွန်းလွဲ ၃ နာရီခန့်က ကသာခရိုင် သစ်တောဦးစီးအရာရှိ ဦးသန်းညွန့် ဦးစီးသောအဖွဲ့သည် မြို့နယ်သစ်တောအဖွဲ့နှင့် ပူးပေါင်း၍ အင်းတော်မြို့နယ် မဲဇာချောင်းဘေးတွင် တရားမဝင် ကျွန်းသစ်လုံးများ တွေ့ရှိရကြောင်း သတင်းအရ သွားရောက်ရှာဖွေစစ်ဆေးရာ ကျွန်းတောကျေးရွာအနီး မဲဇာချောင်း ဘေးနေရာမှတရားမဝင် ကျွန်းသစ်လုံး ၁၆၀ စုစုပေါင်း ၂၇ ဒသမ ၄၈၆ တန် ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် တရားမဝင် ကျွန်းသစ်လုံးများ ခုတ်လှဲသူကို စုံစမ်းဖော်ထုတ် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လူအောင်(ကသာ)**

## ရန်ကုန်ယူနိုက်တက်အသင်း နည်းပြချုပ်နေရာအပြောင်းအလဲပြုလုပ်

**ရန်ကုန် ဩဂုတ် ၂၈**
၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် ရန်ကုန်ယူနိုက်တက်အသင်းသည် ပထမအကျော့အပြီးမှာပင် နည်းပြချုပ်နေရာ အပြောင်းအလဲပြုလုပ်ခဲ့သည်။

ရန်ကုန်အသင်းသည် ဦးတင်မောင်ထွန်းကို နည်းပြချုပ်တာဝန်မှ ရပ်နားခဲ့ပြီး နည်းပြသစ်အဖြစ် ဦးမင်းထွန်းလင်းကို အစားထိုး ခန့်အပ်ခဲ့သည်။ ယခင် နည်းပြချုပ်ဟောင်း ဦးတင်မောင်ထွန်းကို ရန်ကုန်အကယ်ဒမီတွင် ပြောင်းလဲတာဝန်ယူစေမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် နည်းပြချုပ်သစ်ဖြစ်သူ ဦးမင်းထွန်းလင်းကို တစ်နှစ်ခွဲစာချုပ်ဖြင့် ခန့်အပ်ခဲ့ပြီး ဩဂုတ် ၃၀ ရက်တွင် ယှဉ်ပြိုင်ကစားရမည့် ဒုတိယအကျော့ အဖွင့်ပွဲဖြစ်သော ရတနာပုံအသင်းနှင့် ပွဲတွင် စတင်တာဝန်ယူရမည်ဖြစ်သည်။ ဦးမင်းထွန်းလင်းသည် ၂၀၁၈ ရာသီတွင် ဇွဲကပင်အသင်းကို တတိယနေရာရရှိအောင် စွမ်းဆောင်ပေးခဲ့သူဖြစ်ပြီး လက်ရှိတွင် မြန်မာ့လက်ရွေးစင်အသင်း လက်ထောက်နည်းပြအဖြစ် တာဝန်ယူနေသူဖြစ်သည်။

ရန်ကုန်အသင်းသည် ၂၀၂၀ ရာသီ ပထမအကျော့အပြီးတွင် ကိုးပွဲကစား ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရမှတ် ၁၇ မှတ်ဖြင့် တတိယနေရာတွင် ရပ်တည်နေပြီး AFC cup ပြိုင်ပွဲတွင် သုံးပွဲကစား ခုနစ်မှတ်ရရှိကာ နောက်တစ်ဆင့်တက်ရန် အခြေအနေကောင်းနေသည်။

**ညီမြတ်သော်တာ**

## ရတနာပုံ – ရန်ကုန် ပွဲဖြင့် စတင်မည့် MNL ပြိုင်ပွဲ ဒုတိယအကျော့

**ရန်ကုန် ဩဂုတ် ၂၈**
၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ အဖွင့်ရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၁၂) ကို ဩဂုတ် ၃၀၊ ၃၁ ရက်တွင် ကျင်းပမည်ဖြစ်ပြီး MNL စတင်ကတည်းက အစဉ်အလာရှိခဲ့သည့် ပြိုင်ဘက်နှစ်သင်းဖြစ်သည့် ရတနာပုံ-ရန်ကုန်ပွဲဖြင့် စတင်မည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကာလအတွင်း ကျင်းပရခြင်းဖြစ်သောကြောင့် လက်ကျန်ပွဲများကို နှစ်ရက်ကန်၊ နှစ်ရက်နားပုံစံဖြင့် ဆက်တိုက်ကျင်းပလျက်ရှိပြီး ပထမအကျော့ပွဲစဉ်များအပြီး နှစ်ရက်အကြာတွင် ဒုတိယအကျော့ပွဲစဉ်များ ဆက်လက်ကျင်းပခြင်းဖြစ်သည်။ ပွဲစဉ် (၁၂) အဖြစ် ဩဂုတ် ၃၀ ရက်တွင် YUSC ကွင်း၌ ရတနာပုံအသင်းနှင့် ရန်ကုန်အသင်း၊ သုဝဏ္ဏကွင်း၌ အား/ကာသိပ္ပံနှင့် ဟံသာဝတီအသင်း၊ ပဒုမ္မာကွင်း၌ Southern အသင်းနှင့် ဧရာဝတီအသင်း၊ ဩဂုတ် ၃၁ ရက်တွင် သုဝဏ္ဏကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် စစ်ကိုင်းအသင်း၊ YUSC ကွင်း၌ မကွေးအသင်းနှင့် ရခိုင်အသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ နည်းပြအပြောင်းအလဲပြုလုပ်ထားသည့် ရန်ကုန်အသင်းနှင့် ပြိုင်ပွဲပြန်လည်စတင်ချိန်တွင် နှစ်ပွဲဆက် ဂိုးပြတ်အနိုင်ရထားသည့် ရတနာပုံအသင်းတို့၏ တွေ့ဆုံမှုမှာ စိတ်ဝင်စားစရာအကောင်းဆုံးဖြစ်နေသည်။ ဇယားထိပ်ပိုင်းတွင် အပြိုင်ဖြစ်နေသည့် ဟံသာဝတီနှင့် ဧရာဝတီအသင်းသည် ဇယားအောက်ဆုံးမှ နှစ်သင်းနှင့် တွေ့ဆုံနေ၍ နိုင်ပွဲဆက်ဖွယ်ရှိနေပြီး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းမှာလည်း ချန်ပီယံကာကွယ်ရန် မဖြစ်မနေ နိုင်ပွဲရယူနိုင်ရန် လိုအပ်နေသည်။

**ညီမြတ်သော်တာ**

### ❒ *ကျောဖုံးမှ*

အာဆင်နယ်အသင်းသည် ကွန်မြူနတီဒိုင်းကို ၂၀၁၇ ခုနှစ်တွင် နောက်ဆုံးရရှိခဲ့သည်။ ထိုစဉ်က အာဆင်နယ်အသင်းသည် ချယ်လ်ဆီးအသင်းကို ပယ်နယ်တီအဆုံးအဖြတ်တွင် လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ လီဗာပူးအသင်းက ကွန်မြူနတီဒိုင်းကို ၂၀၀၆ ခုနှစ် နောက်ဆုံးရရှိခဲ့ပြီး ထိုစဉ်က ချယ်လ်ဆီးအသင်းကို ရီဆီ၊ ခရော့ခ်တို့၏ သွင်းဂိုးများနှင့်အတူ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် ကွန်မြူနတီဒိုင်းလုပွဲ နောက်ဆုံးငါးကြိမ်တွင် ၂၀၀၅ ခုနှစ်တွင် ချယ်လ်ဆီးအသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် မန်ယူ၊ ၂၀၁၄ ခုနှစ်တွင် မန်စီးတီး၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် ချယ်လ်ဆီးအသင်းတို့ကို အနိုင်ရရှိအောင် စွမ်းဆောင်ထားနိုင်သည့် အသင်းဖြစ်သည်။ လီဗာပူးအသင်းက ကွန်မြူနတီ ဒိုင်းလုပွဲ နောက်ဆုံးနှစ်ကြိမ်တွင် ၂၀၀၆ ခုနှစ်၌ ချယ်လ်ဆီးအသင်းကို အနိုင်ရရှိထားပြီး ၂၀၁၉ ခုနှစ်တွင် မန်စီးတီးအသင်းကို ရှုံးနိမ့်ထားသည်။

အာတီတာ၏ အာဆင်နယ်အသင်းသည် ယခုနှစ်ရာသီ အပြောင်းအရွှေ့ကာလတွင် အင်အားဖြည့်တင်းမှုအနေဖြင့် ဝီလီယံ၊ ဆာလီဘာ စသည့်ကစားသမားများကို ခေါ်ယူအားဖြည့်ထားပြီး မီဂါဟဲ့စ်ကိုလည်း ခေါ်ယူရန် လုပ်ဆောင်နေကြောင်း သိရသည်။ ကလော့ပ်၏ လီဗာပူးအသင်းက ဆီမီကပ်စ်ကိုသာ ခေါ်ယူအားဖြည့်ထားသည်။ သို့သော်လည်း ယခုပွဲစဉ်သည် ကွန်မြူနတီဒိုင်းလုပွဲဖြစ်သည့်အတွက် အာတီတာရော ကလော့ပ်ပါ အင်အားအတောင့်တင်းဆုံးပုံစံကို ပွဲထုတ်လာဖွယ်ရှိနေသည့်အတွက် ပွဲကောင်းတစ်ပွဲဖြစ်မည်မှာ မလွဲပေ။

ကွန်မြူနတီဒိုင်းသမိုင်းတစ်လျှောက် ဒုတိယအအောင်မြင်ဆုံးအသင်းနှစ်သင်းဖြစ်သည့် အာဆင်နယ်အသင်းနှင့် လီဗာပူးအသင်းတို့ ယခုနှစ် ကွန်မြူနတီဒိုင်းကို မည်သည့်အသင်းက ဆွတ်ခူးရရှိသွားမလဲ စောင့်ကြည့်ရမည်ဖြစ်သည်။ ကွန်မြူနတီဒိုင်းလုပွဲပြီးနောက် ၂၀၂၀-၂၀၂၁ ရာသီပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၂ ရက်တွင် ယှဉ်ပြိုင်ကစားသွားရန် လျာထားကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အောင်ဇော်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဩဂုတ် ၂၈**
မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မချမ်းဘောမြို့တွင် ၆ ဒသမ ၆၉ လက်မ၊ ချောင်းဆုံမြို့တွင် ၅ ဒသမ ၀၀ လက်မ၊ ကျိုက္ခမီမြို့တွင် ၄ ဒသမ ၃၃ လက်မ၊ ပိုင်ကျုံမြို့တွင် ၃ ဒသမ ၉၀ လက်မ၊ ရေးမြို့တွင် ၃ ဒသမ ၆၉ လက်မ၊ သထုံမြို့တွင် ၂ ဒသမ ၈၀ လက်မ၊ မြစ်ကြီးနားမြို့တွင် ၂ ဒသမ ၅၂ လက်မ၊ သံတွဲမြို့နှင့် တောင်ကုတ်မြို့တို့တွင် ၂ ဒသမ ၁၇ လက်မစီ၊ မုဒုံမြို့တွင် ၁ ဒသမ ၇၃ လက်မ၊ ဘားအံ(စိုက်ပျိုးရေးမိုးလေဝသ)တွင် ၁ ဒသမ ၆၉ လက်မ၊ ကော့ကရိတ်မြို့တွင် ၁ ဒသမ ၆၅ လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၁ ဒသမ ၅၈ လက်မနှင့် မော်လမြိုင်မြို့တွင် ၁ ဒသမ ၅၀ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လအတွင်း အလုပ်သမားရေးရာဆိုင်ရာ ဆောင်ရွက်ချက်များ

နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားတိုးတက်စေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရာတွင် စက်ရုံအလုပ်ရုံများ၏ ကုန်ထုတ်စွမ်းအားတိုးတက်ရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန် ရရှိစေရေးတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပုံစံဖြင့် ကျား ၄၁၉၃ ဦး၊ မ ၇၁၂၂ ဦးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း ၁၁၃၁၅ ဦး ချုပ်ဆိုခဲ့ပါသည်။ အလုပ်ရှင်/အလုပ်သမားအငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအတွင်း လက်ခံရရှိမှု ၂၁၉ မှုတွင် အခြားဌာနသို့ လွှဲပြောင်းမှု လေးမှု၊ ကျေအေးမှု ၁၅ မှု၊ ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းမှု ၅၉ မှု၊ ပိတ်သိမ်းမှု ၂၆ မှု၊ ငွေကြေးအကျိုးခံစားခွင့် ၉၀ မှုနှင့် လက်ကျန်အမှု ၂၅ မှုတို့ဖြစ်ပြီး ငွေကြေးအကျိုးခံစားခွင့်ရှိသူ ၅၇၃ ဦးအား ငွေကျပ် ၂၃၀၃၅၄၄၇၇ ကို ခံစားခွင့်ရရှိစေခဲ့ပါသည်။ ကျွမ်းကျင်လုပ်သားများရရှိစေရန်လေ့ကျင့်ပေးခြင်းနှင့် ကျွမ်းကျင်မှုအဆင့်အလိုက် ကျွမ်းကျင်လုပ်သားများအား ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်၍ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်းများအနေဖြင့် အောက်ပါအတိုင်း ဖြစ်ပါသည်–

**ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများတွင် ၂၀၂၀ပြည့်နှစ်၊ ဇူလိုင်လအတွင်း ဖွင့်လှစ်ခဲ့သော သင်တန်းများစာရင်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | သင်တန်းသားဦးရေ | | |
|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း |
| ၁။ | Assessor Methodology Online Training (ရန်ကင်း) | ၂၉-၆-၂၀၂၀ မှ ၂၈-၇-၂၀၂၀အထိ | ၁၇ | ၁၆ | ၃၃ |
| ၂။ | လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း သင်တန်း (မန္တလေး) | ၁၆-၇-၂၀၂၀ မှ ၁၉-၈-၂၀၂၀အထိ | ၃၄ | ၂ | ၃၆ |
| ၃။ | Test Item Data Base Training Workshop (Online)(နေပြည်တော်) | ၁-၇-၂၀၂၀ မှ ၂-၇-၂၀၂၀ အထိ | ၃၈ | ၁၂ | ၅၀ |
| | စုစုပေါင်း | | ၈၉ | ၃၀ | ၁၁၉ |

**၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လတွင် စစ်ဆေးခဲ့သောကျွမ်းကျင်လုပ်သားများအားကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ခြင်းဇယား**

| စဉ် | အလုပ်အကိုင်အမည် | အဆင့် | ဖြေဆိုသူ | | | အောင်မြင်သူ | | |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁။ | Electrician | Level-1 | ၂၂ | ၂ | ၂၄ | ၂၀ | ၂ | ၂၃ |
| ၂။ | Garment | Level-1 | - | ၉၇ | ၉၇ | - | ၉၀ | ၉၀ |
| | စုစုပေါင်း | | ၂၂ | ၉၉ | ၁၂၁ | ၂၀ | ၉၃ | ၁၁၄ |

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူအလုပ်ပိတ်ရက် အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကိုငွေကြေးဖြင့်ခံစားခွင့်ပေးခြင်း၊ လုပ်အားခကျန်ငွေမရရှိမှုများ၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ငွေကျပ်သိန်းပေါင်း ၈၂၀၀ ကျော်ကို ခံစားခွင့်ပေးနိုင်ခဲ့ပါသည်။

အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနအနေဖြင့် အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှုများ ဖြေရှင်းဆောင်ရွက်ရာ၌ ခုံသမာဓိအဖွဲ့တွင် ၂၈ မှုနှင့် ခုံသမာဓိကောင်စီတွင် ၂၉ မှုကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သောစက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ်သိန်းပေါင်း ၉၆၀၀၀ ကျော် အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံအလုပ်သမား ၁၄၄၀ ဦးအတွက် ဆေးဖိုးကုန်ကျငွေကျပ်သိန်း ၁၆၀၀ ကျော် ပြန်လည်ထုတ်ပေးခဲ့ပါသည်။

အာမခံအလုပ်သမားများအား ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လအတွင်းအလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှုအခြေအနေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

**ဆေးဝါးကုသပေးမှုအခြေအနေ**

| စဉ် | အကြောင်းအရာ | ဆေးကုသပေးမှုဦးရေ |
|---|---|---|
| က | အလုပ်သမားဆေးရုံကြီး (၃)ရုံ (ပြင်ပလူနာ ၆၅၄၃ ဦး ၊ အတွင်းလူနာ ၅၀၁ ဦး) | ၇၀၄၄ ဦး |
| ခ | လူမှုဖူလုံရေးဆေးခန်း (၉၆) ခန်း၊ တိုင်းရင်းဆေးခန်း (၁) ခန်း၊ ဌာနကြီးဆေးခန်း (၅၉) ခန်းနှင့် သားဖွားမီးယပ် (OPD) ဝန်ဆောင်မှုစမ်းသပ်ဆောင်ရွက်ပေးလျက်ရှိသည့် ဆေးခန်း (၅) ခန်းအပါအဝင် PPS စနစ်ဖြင့် ဆောင်ရွက်သည့် ဆေးခန်း (၁၄) ခန်းတို့မှ ဆေးကုသပေးမှု | ၈၉၇၄၆ ဦး |
| ဂ | လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသမှု (၁၃)ကြိမ် | ၄၉ ဦး |

## ထိုင်းနိုင်ငံရှိ လူကုန်ကူးမှုတိုက်ဖျက်ရေးဌာန၊ ဂေဟာများနှင့် လူငယ်သင်တန်းကျောင်းတို့တွင် လက်ခံစောင့်ရှောက်ထားသည့် မြန်မာနိုင်ငံသား ၃၆ ဦးအား မြန်မာနှင့်ထိုင်း နှစ်နိုင်ငံတာဝန်ရှိသူများက မြဝတီ-မဲဆောက် ချစ်ကြည်ရေးတံတားအမှတ်(၂)မှတစ်ဆင့် ပြန်လည်လွှဲပြောင်းလက်ခံ


ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိသူများကို ကျန်းမာရေးစစ်ဆေးပေးစဉ်။

နေပြည်တော် ဩဂုတ် ၂၈

ထိုင်းနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးဥပဒေအရ ထိုင်းနိုင်ငံမှ လူကုန်ကူးခံရသူများအဖြစ် စိစစ်ဖော်ထုတ်သတ်မှတ်ခဲ့သည့် လူကုန်ကူးခံရသူ ၃၂ ဦးနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သူ အမျိုးသားကလေး လေးဦး စုစုပေါင်း မြန်မာနိုင်ငံသား ၃၆ ဦးအား ယနေ့တွင် မြဝတီ-မဲဆောက် ချစ်ကြည်ရေးတံတားအမှတ်(၂)မှတစ်ဆင့် ပြန်လည်လွှဲပြောင်းလက်ခံခဲ့သည်။

ယင်းသို့ လွှဲပြောင်းလက်ခံရာတွင် ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကို၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူနိုင်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ် (မြဝတီ)၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသားဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပြည်သူ့ဆေးရုံကြီး၊ မြဝတီမြို့တို့မှ တာဝန်ရှိသူများ ပါဝင်သောအဖွဲ့က ထိုင်းနိုင်ငံ တာ့ခ်ခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Waranon Yimmongkong ဦးဆောင်သည့် ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူထုလုံခြုံရေးဝန်ကြီးဌာနရှိ တာဝန်ရှိသူများထံမှ လွှဲပြောင်းသည့် အထောက်အထားစာရွက်စာတမ်းများနှင့် လူကုန်ကူးခံရသူများအား ထိုင်းနိုင်ငံအစိုးရ၏ ထောက်ပံ့ငွေနှင့် ၎င်းတို့၏ လုပ်ခလစာ စုစုပေါင်း ၁၇၃၁၈၂ ဘတ်ကို လွှဲပြောင်းလက်ခံခဲ့သည်။

ပြန်လည်လွှဲပြောင်းလက်ခံပြီးသူ ၃၆ ဦးအား မြဝတီမြို့ သဃ်န်းညီနောင်ကျေးရွာရှိ သဘာဝဓမ္မရိပ်သာတွင် ၂၁ ရက်ကြာ အသွားအလာကန့်သတ်ထားရှိပြီး၊ နှာခေါင်းတို့ဖတ်နမူနာယူ၍ ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ခံရမှု ရှိ/မရှိ စစ်ဆေးခြင်းနှင့် လိုအပ်ပါက ဆေးကုသမှုခံယူနိုင်ရေး ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပြီး ၂၁ ရက်ကာလအတွင်း လိုအပ်ချက်များကို ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့်သက်ဆိုင်ရာဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများက ပူးပေါင်းဖြည့်ဆည်း ဆောင်ရွက်မည်ဖြစ်သည်။

၎င်းတို့အား မိဘနေရပ် ပြန်လည်စေလွှတ်အပ်နှံရာတွင် ၎င်းတို့ရရှိလာသော ထောက်ပံ့ကြေးငွေနှင့် လုပ်ခလစာများအား တစ်ဦးချင်းစီအလိုက် ပြန်လည်ထုတ်ပေးမည့်အပြင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ် (Covid- 19 Economic Relief Plan- CERP) ရန်ပုံငွေဖြင့် တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းနှုန်း ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ ယခုနှစ်အတွင်း ထိုင်းနိုင်ငံသို့ လူကုန်ကူးခံရသူ ၁၈၈ ဦးအား လွှဲပြောင်းလက်ခံခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အပင်အရင်းအမြစ်များနှင့် ပတ်သက်သော သတင်းအချက်အလက်များ ရှာဖွေကြည့်ရှုနိုင်သည့် ဝက်ဘ်ဆိုက်မိတ်ဆက်

နေပြည်တော် ဩဂုတ် ၂၈

စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ မျိုးစေ့ဘဏ်သုတေသနဌာနစုရှိ မျိုးစေ့ဘဏ် (Seed Bank) တွင် သိုလှောင်ထိန်းသိမ်းထားသော သီးနှံမျိုးဗီဇကွဲများအား အကျိုးရှိစွာအသုံးချနိုင်စေရန်ရည်ရွယ်၍ အပင်ဗီဇအရင်းအမြစ်များနှင့် ပတ်သက်သော သတင်းအချက်အလက်များကို ရှာဖွေကြည့်ရှုနိုင်သည့် အပြည်ပြည်ဆိုင်ရာသတင်းအချက်အလက်များကွန်ရက် (www.genesys-pgr.org) မိတ်ဆက်ခြင်းအခမ်းအနားကို နဝရတ်ခန်းမ၌ ဩဂုတ် ၂၆ ရက်က ကျင်းပသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက မျိုးစေ့ဘဏ်သည် အမျိုးသားမျိုးစေ့ဘဏ်တစ်ခုဖြစ်ခြင်းကြောင့် ထိန်းသိမ်းထားသည့် မျိုးဗီဇကွဲများကို အကျိုးရှိစွာ အသုံးပြုခြင်းဖြင့် ပြောင်းလဲလာသော ရာသီဥတုနှင့် လိုက်လျောညီထွေသည့် မျိုးကောင်းမျိုးသစ်များ ထုတ်လုပ်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဝက်ဘ်ဆိုက်မှတစ်ဆင့် မျိုးစေ့ဘဏ်တွင် ထိန်းသိမ်းထားသည့် မျိုးများ ၏ သတင်းအချက်အလက်များကို မိုဘိုင်းဖုန်းများ၊ ကွန်ပျူတာများဖြင့် ကမ္ဘာအနှံ့မှ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သောကြောင့် သတင်းအချက်အလက်များကို အများပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတကာမှ သီးနှံဗီဇမျိုးကွဲများကိုလည်း သုတေသနပညာရှင်များက ကြည့်ရှုလေ့လာနိုင်ပြီး နိုင်ငံ၏ မျိုးသစ်ထုတ်လုပ်မည့်လုပ်ငန်းများတွင် အကျိုးရှိစွာ ပြန်လည်အသုံးချနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

မျိုးစေ့ဘဏ်မှ သုတေသနပညာရှင်များသည် သီးနှံမျိုးဗီဇအရင်းအမြစ်များနှင့်ပတ်သက်သော သတင်းအချက်အလက်များ စုဆောင်းခြင်း၊ ဖြန့်ဝေခြင်း၊ ဖလှယ်ခြင်း၊ ထုတ်လွှင့်ခြင်းနှင့် အစီရင်ခံစာများ ပေးပို့ခြင်းများကို ကမ္ဘာလုံးဆိုင်ရာအစီအစဉ်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ မျိုးဗီဇတို့နှင့် ပတ်သက်သော သတင်းအချက်အလက်များကို အပြည်ပြည်ဆိုင်ရာ သတင်းအချက်အလက်များကွန်ရက် (www.genesys-pgr.org) တွင် မေ ၂၈ ရက်မှ စတင်၍ ပါဝင်ခွင့်ရခဲ့ကြောင်း သိရသည်။

ထို့နောက် လက်ထောက်သုတေသနအရာရှိ ဒေါ်ဥမ္မာအောင်က အပင်အရင်းအမြစ်များနှင့် ပတ်သက်သော သတင်းအချက်အလက်များ ရှာဖွေကြည့်ရှုနိုင်သည့် ဝက်ဘ်ဆိုက် (www.genesys-pgr.org) အသုံးပြုသည့်နည်းလမ်းများအား ပါဝါပွိုင့်ဖြင့်လည်းကောင်း၊ ဝက်ဘ်ဆိုက်တွင် လက်တွေ့အသုံးပြုသည့်နည်းကို အင်တာနက်ဖြင့် တိုက်ရိုက်ချိတ်ဆက်၍လည်းကောင်း တင်ပြဆွေးနွေးကြောင်း သိရသည်။

ဇူလိုင်မိုး

# ကိုဗစ်-၁၉ ဖြစ်ပွားနေသည့်ကြားက နှစ်ဖက်ကုန်သွယ်မှုတိုးတက်လာသဖြင့် တရုတ်နှင့်အာဆီယံဝန်ကြီးများ ချီးကျူး

ဟန္နိုင်း ဩဂုတ် ၂၈

**တရုတ်နိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အဖွဲ့ဝင်နိုင်ငံများဆိုင်ရာ စီးပွားရေးဝန်ကြီးများက ကိုဗစ်-၁၉ ရောဂါသက်ရောက်မှုများ ရှိနေသည့်ကြားက နှစ်ဖက်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအခိုင်အမာတိုးတက်လာသည်ကို ကြိုဆိုကြောင်း ဩဂုတ် ၂၇ ရက်က ပြောကြားလိုက်သည်။**



တရုတ် - အာဆီယံ အစည်းအဝေးကျင်းပနေသည်ကို တွေ့ရစဉ်။

**စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးတက်**

(၁၉) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ- တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့၏ ဆွေးနွေးမှုကို ဗီဒီယိုလင့်ခ်မှတစ်ဆင့် ကျင်းပခဲ့ရာ တရုတ်နိုင်ငံနှင့် အာဆီယံအကြား ကြံ့ကြံ့ခံ၍ အလားအလာကြီးမားသော ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးတက်မှုကို ဝန်ကြီးများက အသိအမှတ်ပြုခဲ့ကြသည်။

၂၀၁၉ ခုနှစ်မှစ၍ တရုတ်နိုင်ငံသည် အာဆီယံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံအဖြစ် ရှိနေခဲ့ပြီး အာဆီယံသည်လည်း ယခုပထမနှစ်ဝက်တွင် ပထမဆုံးအကြိမ်အဖြစ် တရုတ်နိုင်ငံ၏အကြီးဆုံး ကုန်သွယ်ဖက်ဖြစ်လာခဲ့ကြောင်း၊ နှစ်ဖက်ကုန်သွယ်မှုသည် ပြီးခဲ့သည့်နှစ်က အမေရိကန်ဒေါ်လာ ၅၀၇ ဒသမ ၉ ဘီလီယံအထိရောက်ရှိခဲ့ပြီး တရုတ်နိုင်ငံမှ အာဆီယံနိုင်ငံများသို့ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအဖြစ် စုစုပေါင်းအမေရိကန်ဒေါ်လာ ၉ ဒသမ ၁ ဘီလီယံရှိခဲ့ကြောင်း ထုတ်ပြန်ချက်များအရ သိရသည်။

ဝန်ကြီးများသည် စီးပွားရေး ပြန်လည်နာလန်ထူရန်အတွက် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန် ခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုအရေးပါပုံကို ပြောကြားခဲ့သည်။

ထို့အပြင် ဝန်ကြီးများသည် ကိုဗစ်- ၁၉ ရောဂါအလွန်စီးပွားရေးနာလန်ထူမှုများကို လုပ်ဆောင်ရာတွင် နိုင်ငံစုံပါဝင်သော စည်းမျဉ်းအခြေခံသည့် ကုန်သွယ်ရေးစနစ်၏ အရေးပါမှုကိုလည်း အသိအမှတ်ပြုခဲ့ကြသည်။

**ပူးတွဲကြေညာချက်ကို ကြိုဆို**

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရန် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ကုန်စည်ထောက်ပံ့မှုများ ထိန်းသိမ်းရန်၊ ကိုဗစ်- ၁၉ ရောဂါ၏စီးပွားရေးအပေါ် သက်ရောက်မှုကို လျှော့ချရန်၊ လွတ်လပ်သော ကုန်သွယ်မှုဧရိယာကို အကျိုးရှိရှိအသုံးချရန်နှင့် ပိုမိုအားကောင်းသော စီးပွားရေးဒေသ တည်ဆောက်ရေးအတွက် အပြုသဘောဆောင်သည့် လက္ခဏာအဖြစ်ဩဂုတ် ၂၇ ရက် အကြံပြုဆွေးနွေးမှုများတွင် တိုးတက်မှုရလဒ်အဖြစ် လွတ်လပ်သော ကုန်သွယ်မှုဧရိယာအောက်တွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်နှင့် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ ပူးတွဲကြေညာချက်ကို ကြိုဆိုခဲ့ကြသည်။

ဆင်ဟွာ

## အီးယူက ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရန် အက်စ်ထရာဇနီးကား ကုမ္ပဏီနှင့် လက်မှတ်ရေးထိုး

ဘရပ်ဆဲလ် ဩဂုတ် ၂၈

အီးယူသည် ကိုဗစ်- ၁၉ ကာကွယ်ဆေးဝယ်ယူရန် ဆေးဝါးကုမ္ပဏီဖြစ်သော အက်စ်ထရာဇနီးကားကုမ္ပဏီနှင့် ပထမအကြိမ် လက်မှတ်ရေးထိုးခဲ့ကြောင်း ကျန်းမာရေးနှင့်အစားအစာ လုံခြုံရေးဆိုင်ရာ ဥရောပကော်မရှင်နာစတယ်လ်လာကြာရီယာကီဒက်က ဩဂုတ် ၂၇ ရက်တွင် ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး သန်း ၃၀၀ ဝယ်ယူရန် လက်မှတ်ရေးထိုးပြီးနောက် ၎င်းက နိုင်ငံပိုင် ရုပ်မြင်သံကြားသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

စာချုပ်ပါ အချက်များမှတစ်ဆင့် ဥရောပကော်မရှင်၏သတင်းထုတ်ပြန်ချက်အရ အီးယူအဖွဲ့ဝင်နိုင်ငံများအားလုံးသည် အက်စ်ထရာဇနီးကား ကာကွယ်ဆေး သန်း ၃၀၀ ကို ဝယ်ယူခွင့်ရရှိမည်ဖြစ်သည်။ ထို့အပြင် နောက်ထပ်ကာကွယ်ဆေးသန်း ၁၀၀ ကိုလည်း လူဦးရေအပေါ်မူတည်ပြီး ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

အက်စ်ထရာဇနီးကားနှင့် အောက်စဖို့ဒ်တက္ကသိုလ်တို့ ပူးပေါင်းပြီး ကိုဗစ်-၁၉ ကူးစက်မှုကို ကာကွယ်ရန် ရည်ရွယ်၍ အောက်စဖို့ဒ်တက္ကသိုလ်၏ အလားအလာရှိသော ဆေးတစ်မျိုးကိုလည်း တိုးတက်အောင်ကြံဆောင်နေကြောင်း သိရသည်။

အက်စ်ထရာဇနီးကား ကာကွယ်ဆေးများသည် စမ်းသပ်မှုအဆင့် ၂ နှင့် အဆင့် ၃ သို့ ရောက်ရှိနေပြီဖြစ်ပြီး မကြာမီဖြန့်ချိနိုင်မည်ဖြစ်သည်။

ဆင်ဟွာ

## ဘေရွတ်ရှိ အမွေအနှစ်အဆောက်အအုံများ ပြန်လည်တည်ဆောက်ရန် ရန်ပုံငွေရရှိရေးခြေလှမ်း ယူနက်စကိုစတင်

ဘေရွတ် ဩဂုတ် ၂၈

ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို)၏ ညွှန်ကြားရေးမှူးချုပ် အော်ဒရေအာဇိုလေးက ဘေရွတ်မြို့၏အမွေအနှစ်အဆောက်အအုံများကို နဂိုမူလအတိုင်း ပြန်လည်ပြင်ဆင်ရာတွင် အသုံးပြုရန် ရန်ပုံငွေများရရှိရေးအတွက် ဘေရွတ်အဆိုပြုချက်ကို စတင်လိုက်သည်ဟု ဒေသတွင်းရုပ်သံလိုင်း အယ်လ်ဘီစီအိုင်က ဖော်ပြလိုက်သည်။

လက်ဘနွန်နိုင်ငံ၏ အမျိုးသားအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန် ဆောင်ရွက်မှုများကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်းနှင့် စက်တင်ဘာလအကုန်ပိုင်းတွင် အလှူရှင်နိုင်ငံများအတွက် အစည်းအဝေးတစ်ရပ်ကျင်းပသွားမည်ဟု ယူနက်စကို ညွှန်ကြားရေးမှူးချုပ်က ခေတ္တယဉ်ကျေးမှုဝန်ကြီး အဲဘတ်မော်တာဒါနှင့်ပြုလုပ်သော အစည်းအဝေးတွင် ပြောကြားလိုက်သည်။

ခေတ္တယဉ်ကျေးမှုဝန်ကြီး မော်တာဒါက ဘေရွတ်ပေါက်ကွဲမှုကြီးဖြစ်ပွားပြီးနောက် မြို့တွင်ပျက်စီးခဲ့သည့် အမွေအနှစ် အဆောက်အအုံ အရေအတွက်၊ ပျက်စီးမှုအတိုင်းအတာနှင့်ပတ်သက်ပြီး ယူနက်စကို ညွှန်ကြားရေးမှူးချုပ်ထံ ဘက်စုံလေ့လာမှုအစီရင် ခံစာတစ်စောင် ပေးအပ်ခဲ့သည်။ လက်ဘနွန်နိုင်ငံဘေရွတ်မြို့တွင် ပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့ရသည့် အမွေအနှစ်အဆောက်အအုံ ၆၄၀ ရှိပြီး ယင်းအနက် အဆောက်အအုံ ၆၀ မှာ ပြိုကျမည့်အန္တရာယ်ရှိနိုင်ကြောင်း ယူနက်စကိုက အစောပိုင်းတွင် သတိပေးခဲ့သည်။

ဆင်ဟွာ

## ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး ကျန်းမာရေးအခြေအနေကြောင့် ရာထူးမှ နုတ်ထွက်ရန်ရည်ရွယ်

တိုကျို ဩဂုတ် ၂၈

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ကျန်းမာရေး အခြေအနေကြောင့် ရာထူးမှ နုတ်ထွက်ရန် ရည်ရွယ် ထားသည်ဟု ကြေညာလိုက်ကြောင်း ဒေသတွင်း မီဒီယာများက ဩဂုတ် ၂၈ ရက်က ဖော်ပြလိုက်သည်။

၎င်း၏ကျန်းမာရေးအခြေအနေ ပိုမိုဆိုးလာကြောင်းနှင့် နိုင်ငံကို ဦးဆောင်နေချိန်တွင် ကျန်းမာရေးက ဒုက္ခပေးလာမည်ကို ၎င်းအနေဖြင့် စိုးရိမ်ပူပန်ကြောင်း၊ ထို့ကြောင့် ရာထူးမှနုတ်ထွက်ရန် စဉ်းစားလိုက်ခြင်းဖြစ်ကြောင်း အမျိုးသားရုပ်သံလွှင့်ဌာနတစ်ခုဖြစ်သော အင်န်အိတ်ချ်ကေ သတင်းရင်းမြစ်ကို မဖော်ပြဘဲ ဖော်ပြလိုက်သည်။ ဆေးစစ်မှုခံယူရန် ဆေးရုံ နှစ်ကြိမ် သွားရောက်ခဲ့ရပြီးနောက် ဝန်ကြီးချုပ်၏ ကျန်းမာရေး အခြေအနေနှင့်ပတ်သက်ပြီး ခန့်မှန်းချက်များသည် သီတင်းပတ်အတော်ကြာ ပျံ့နှံ့ခဲ့သည်။ သို့သော်လည်း မကြာသေးမီရက် အနည်းငယ်အတွင်းမှစကာ အဖျားအနည်းငယ်ရှိလာခဲ့သည်။ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် သတင်းစာရှင်းလင်းပွဲတွင် မိန့်ခွန်းပြောရန် ညနေ ၅ နာရီတွင် စီစဉ်ထားခဲ့သည်။ ၎င်းအနေဖြင့် အဘယ်ကြောင့် ရာထူးမှ နုတ်ထွက်မလဲဆိုသည့် အကြောင်းပြချက်ကိုလည်း အသေအချာ ရှင်းပြသွားမည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေနှင့် အခြားမီဒီယာများတွင် ဖော်ပြထားသည်။


ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး

အာဘေးသည် ယခုလတွင် သုံးရက်ကြာ အားလပ်ရက်ထွက်ခဲ့ပြီး ဩဂုတ် ၁၇ ရက်တွင် ဆေးရုံသို့ သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ အဆိုပါ ဆေးရုံတွင် ခုနစ်နာရီကျော်ကြာ ဆေးစစ်မှုခံယူခဲ့သည်။

တစ်ပတ်ကြာပြီးနောက် အဆိုပါ ဆေးရုံသို့ နောက်ထပ်စစ်ဆေးမှုများ ခံယူရန် ဒုတိယတစ်ကြိမ် သွားရောက်ခဲ့သည်။ ထိုအချိန်ကတည်းက ၎င်းအနေဖြင့်အလုပ်များကို ဆက်လုပ်ချင်သေးကြောင်း ပြောခဲ့သည်။

အေအက်ဖ်ပီ

## အမေရိကန်က ဝီချက်ကို ပိတ်လိုက်လျှင် တရုတ်စားသုံးသူများက အက်ပဲလ်ကို သပိတ်မှောက်မည်

ပေကျင်း ဩဂုတ် ၂၈

အကယ်၍ အမေရိကန်ပြည်ထောင်စုက ဝီချက်ကို ပိတ်လိုက်လျှင် တရုတ်စားသုံးသူများက အက်ပဲလ်ကို သပိတ်မှောက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ဩဂုတ် ၂၈ ရက်က ပြောကြားလိုက်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က စက်တင်ဘာလလယ်မှစကာ ဝီချက်နှင့် နောက်ထပ် တရုတ်ပိုင် အက်ပလီကေးရှင်း တစ်ခုဖြစ်သော Tik Tok ကို ပိတ်သွားမည်ဖြစ်ကြောင်း ယခုလတွင် ကြေညာခဲ့သည့်အပြင် အဆိုပါ အက်ပလီကေးရှင်းများသည် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိကြောင်းလည်း ပြောကြားလိုက်ခြင်းကြောင့် အမေရိကန်နှင့် တရုတ်နိုင်ငံအကြား တင်းမာမှုကို မြင့်တက်စေသည်။



ဖုန်းတစ်ခုအတွင်း အင်စတောလုပ်ထားသော ဝီချက်အက်ပ်ကိုတွေ့ရစဉ်။

သို့သော်လည်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ရှောင်လီချန်ကအကယ်၍ ဝီချက်ကို ပိတ်လိုက်မည်ဆိုရင် အိုင်ဖုန်းနှင့် အက်ပဲလ်ထုတ်ကုန်များကို တရုတ်နိုင်ငံမှာ လုပ်ကိုင်ခွင့်ပေးရန်ဘယ်နည်းနှင့်မှ အကြောင်းပြချက်မရှိတော့ကြောင်း တွစ်တာတွင် ဖော်ပြလိုက်သည်။ ရှောင်က အမေရိကန်နိုင်ငံမှာ ဝီချက်ကို အသုံးပြုခွင့်ပိတ်လိုက်မည်ဆိုလျှင် တရုတ်ကလည်း အိုင်ဖုန်းအသုံးပြုခြင်းကို ရပ်ဆိုင်းတော့မည်ဖြစ်ကြောင်း ဩဂုတ် ၂၇ ရက်က ပြောကြားခဲ့သည်။ ထို့အပြင် အမေရိကန်အား အမေရိကန်ကုမ္ပဏီ မဟုတ်သည့် ကုမ္ပဏီများကို စနစ်တကျစီးပွားရေးဆိုင်ရာ အနိုင်ကျင့်နေကြောင်း ၎င်းက စွပ်စွဲပြောကြားလိုက်သည်။

တွစ်တာပေါ်တွင် ရှောင်၏ သတိပေးချက်အပေါ် တရုတ်လူမှုရေးမီဒီယာအသုံးပြုသူများက ရောနှောသည့်ခံစားချက်များဖြင့် တုံ့ပြန်ဖော်ပြခဲ့သည်။ တွစ်တာကို တရုတ်နိုင်ငံတွင် အသုံးပြုခွင့် ပိတ်ပင်ထားသည်။ သို့သော်လည်း အွန်လိုင်းအစည်းအဝေးလုပ်ဆောင်သည့် အခါမျိုးတွင် ခွင့်ပြုထားသည်။ "ကျွန်တော် အက်ပဲလ်ကို သုံးတယ်။ သို့သော်လည်း ကျွန်တော့်နိုင်ငံကို ချစ်တယ်"ဟု တွစ်တာကဲ့သို့ ဝီဘိုပလက်ဖောင်းကို အသုံးပြုနေသူတစ်ဦးက ပြောသည်။ ပဋိပက္ခဖြစ်စရာ မလိုကြောင်း ၎င်းက ဆက်လက်ပြောကြား လိုက်သည်။

"အက်ပဲလ်က ဘယ်လောက်ပဲကောင်းကောင်း၊ ဖုန်းတစ်လုံးမျှသာပါပဲ။ အစားထိုးလို့ ရတယ်။ သို့သော်လည်း ဝီချက်က ကွဲပြားမှုရှိတယ်" ဟု အခြားအသုံးပြုသူ တစ်ဦးက ပြောသည်။ ခေတ်မီတရုတ် အမျိုးသားများ အထူးသဖြင့် စီးပွားရေးသမားများအနေဖြင့် ဝီချက်ကို အသုံးမပြုရဘူးဆိုလျှင် သူတို့ခံစားချက်များ ကင်းမဲ့နိုင်သည်ဟု ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

ဝီချက်အသုံးပြုသူ တရုတ်ပြည်မကြီးတွင် ၁ ဒသမ ၂ သန်းကျော်ရှိသည်။

ဝီချက်ကို ဆန့်ကျင်သည့် ထရမ့်၏ အမိန့်သည် အမေရိကန်တွင် လုပ်ဆောင်လည်ပတ်နေသည့် လူမှုမီဒီယာ အက်ပလီကေးရှင်းများ၏ မူဝါဒလမ်းစဉ်များကို အဆုံးသတ်စေရန် ဖိအားပေး နေသကဲ့သို့ ၎င်းတို့နှင့် အလုပ်တွဲလုပ်မည့် အမေရိကန်များကိုလည်း တားမြစ်ထားကြောင်း သိရသည်။

အေအက်ဖ်ပီ

# ရီပတ်ဘလစ်ကန်တို့က အမည်စာရင်းတင်သွင်းမှုကို သမ္မတထရမ့်လက်ခံ

ဝါရှင်တန် ဩဂုတ် ၂၈

**အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ရီပတ်ဘလစ်ကန် ပါတီညီလာခံနောက်ဆုံးနေ့ကို အဆုံးသတ်ပြီးနောက် ၎င်း၏ အတိုက်အခံဖြစ်သူ ဒီမိုကရက်တစ်ပါတီမှ ဂျိုးဘိုင်ဒင်ကို တိုက်ခိုက်သည့် မိန့်ခွန်းပြောကြားခဲ့သည်။ ထို့နောက် ၎င်း၏ ရွေးကောက်ပွဲနောက်တစ်ကြိမ် ပြန်လည်ဝင်ရောက်မှုကို စတင်လိုက်သည်။**



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် မိန့်ခွန်းပြောကြားနေစဉ်။

ယင်းနောက် သမ္မတထရမ့်သည် အိမ်ဖြူတော် မြက်ခင်းပြင်တွင် ကြိုဆိုလက်ခံသည့် မိန့်ခွန်းပြောကြားခဲ့သည်။ အမေရိကန် ပြည်ထောင်စုသမ္မတ ရွေးကောက်ပွဲအတွက် ပြိုင်ပွဲဝင်ရန် ၎င်း၏ အမည်စာရင်းတင်သွင်းမှုကို လေးလေးနက်နက် လက်ခံကြောင်း သမ္မတထရမ့်က ပြောကြားခဲ့သည်။

အစိုးရအဆောက်အအုံများတွင် မဲဆွယ်စည်းရုံးမှုအတွက် အသုံးပြုမှုကို ဆန့်ကျင်မှုများရှိပြီး ယခုသမ္မတထရမ့်၏ လုပ်ရပ်ကြောင့် နိုင်ငံရေးဂယက်များ ဖြစ်သွားခဲ့ရသည်။

အတိုက်အခံများသည် တိုင်းပြည်၏ ကွဲပြဲမှုကို လျော့ပါးအောင်လုပ်သည်ဟု ထရမ့်က ပြောကြားထားသည်။

ဒီမိုကရက်တစ်ညီလာခံတွင် ဂျိုးဘိုင်ဒင်နှင့် ၎င်း၏ပါတီသည် အမေရိကန်နိုင်ငံကို စီးပွားရေး၊ လူမျိုးရေးနှင့် လူမှုရေးတို့တွင် မညီမျှမှုများရှိသည်ဟု ဝေဖန်ပုတ်ခတ်ခဲ့သည်ဟု ထရမ့်က ပြောကြားသည်။

ထို့နောက် ထရမ့်သည် ၎င်း၏ အနာဂတ်အစီအစဉ်များကို ပြောကြားခဲ့သည်။ ၎င်းသာ ပြန်လည်ရွေးကောက်ခံရပါက တိုင်းပြည်စီးပွားရေးတောင့်တင်းအောင် ပြုလုပ်မည်ဖြစ်ပြီး လုပ်ခဝင်ငွေများ တိုးတက်အောင်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပြန်လည်ရရှိအောင် ပြုလုပ်ပေးမည်ဟု ထရမ့်က ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ဟာရီကိန်း လော်ရာကြောင့် လူဝီစီးယားနားပြည်နယ်တွင် ခြောက်ဦးသေဆုံး

**လူဝီစီးယားနား ဩဂုတ် ၂၈**

အမေရိကန်တောင်ပိုင်း လူဝီစီးယားနားပြည်နယ်တွင် ဟာရီကိန်းမုန်တိုင်းလော်ရာ ဝင်ရောက်တိုက်ခတ်မှုကြောင့် အပျက်အစီးကြီးမားပြီး ခြောက်ဦးထက်မနည်း သေဆုံးခဲ့သည်ဟု သိရသည်။

ဩဂုတ် ၂၇ ရက် အစောပိုင်းက ဟာရီကိန်းမုန်တိုင်း လော်ရာဝင်ရောက်တိုက်ခတ်ခဲ့ပြီး အဆင့် ၄ သတ်မှတ်ချက်ရှိသည့် မုန်တိုင်းဟု သတ်မှတ်ထားသည်။

အမေရိကန်တွင် ဖျက်အားပြင်းသည့် မုန်တိုင်းငါးခုအနက် ဒုတိယမြောက် ဖျက်ဆီးမှု အားကြီးသည့် မုန်တိုင်းသတ်မှတ်ချက်လည်း ဖြစ်သည်။ သေဆုံးသွားသည့် လူခြောက်ဦးအနက် အသက် ၁၄ နှစ်အရွယ် မိန်းကလေးတစ်ဦးလည်း ပါဝင်ပြီး နေအိမ်တွင် သစ်ပင်ပိမှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်ဟု လူဝီစီးယားနား အာဏာပိုင်များက ပြောသည်။

ကမ်းရိုးတန်းမြို့ကို ကောင်းကင်မှ ဓာတ်ပုံရိုက်ယူရာတွင် လေပြင်းကြောင့် နေအိမ်မြောက်မြားစွာ၏ ခေါင်မိုးများ အမိုးလန်နေသည်ကို တွေ့ရသည်။ လမ်းမများနှင့် နေအိမ်များတွင်လည်း ရေကြီးမှု ဖြစ်ပေါ်နေသည်ကို တွေ့မြင်ရသည်။ ပြည်နယ်အတွင်း စက်ရုံတစ်ရုံမှာလည်း မီးလောင်မှုဖြစ်ပွားခဲ့သည်။ ကလိုရင်းဓာတ်ငွေ့ယိုစိမ့်ခြင်းကြောင့် ဖြစ်နိုင်သည်ဟု ဒေသခံအရာရှိများက ပြောသည်။



မုန်တိုင်းကြောင့်ပျက်စီးနေသည့် အပျက်အစီးများကို တွေ့ရစဉ်။

အပြင်ဘက်တွင် လုံခြုံစိတ်ချရမှု ရရှိသည့်အချိန်ထိတိုင်အောင် အိမ်ထဲ၌သာ နေကြရန် ဒေသခံများကို တိုက်တွန်းထားသည်။ လူဝီစီးယားနား၊ တက္ကဆက်ပြည်နယ်အပါအဝင် အိမ်နီးချင်းပြည်နယ် လေးခုတွင်လည်း နေအိမ်ပေါင်း ၈၀၀၀၀၀ မှာ ဩဂုတ် ၂၇ ရက်တွင် လျှပ်စစ်မီးပြတ်တောက်လျက်ရှိသည်။

ကိုဗစ်-၁၉ ကူးစက်မှုအန္တရာယ်မှ ကာကွယ်ရန် ဟိုတယ်များတွင်လည်း နေရာရွှေ့ပြောင်းလာရသူများအား ထားရှိထားသည်။ မုန်တိုင်းလော်ရာသည် အပူပိုင်းမုန်တိုင်းအဖြစ်သို့အားပျော့သွားသော်လည်း မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုတို့ကို အာဏာပိုင်များက စိုးရိမ်နေရဆဲဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## တောင်ကိုရီးယားနိုင်ငံတွင် လူမှုဝေးကွာကန့်သတ်ချက်များကို အချိန်တစ်ပတ်ထပ်တိုး

**ဆိုးလ် ဩဂုတ် ၂၈**

တောင်ကိုရီးယားနိုင်ငံတွင် လွန်ခဲ့သည့် သီတင်းနှစ်ပတ်တာ ကာလအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက် တိုးလာသည့်အတွက် တင်းကျပ်သည့် လူမှုဝေးကွာကန့်သတ်ချက်များကို နောက်ထပ်သီတင်းတစ်ပတ်ကြာ ထပ်မံတင်းကျပ်သွားမည်ဟု ဩဂုတ် ၂၈ ရက်တွင် ဆုံးဖြတ်ခဲ့သည်။

**ဆုံးဖြတ်ထား**

ဆိုးလ်မြို့နှင့် အနီးအနားပတ်ဝန်းကျင်ဒေသများတွင် အဆင့် ၂ သတ်မှတ်ထားသည့် လူမှုဝေးကွာအစီအစဉ်များကို အချိန်တစ်ပတ်ကျော် ထပ်တိုးရန် အစိုးရအဖွဲ့အစည်းအဝေးတွင် ဆုံးဖြတ်ထားသည်ဟု တောင်ကိုရီးယားဝန်ကြီးချုပ် ချောင်ဆီကျန်းက ပြောသည်။

**ကူးစက်မှု ပြန်လည်တိုးလာ**

စီးပွားရေးလုပ်ငန်းများကို နာရီကန့်သတ်ခြင်း လူအများအပြားနေ့စဉ်လာရောက်သည့်ကော်ဖီဆိုင်များ၊စားသောက်ဆိုင်များ အချိန်ကန့်သတ်ခြင်းများ ပါဝင်သည့်အဆင့် ၂ သတ်မှတ်ချက်ရှိသော လူမှုဝေးကွာတင်းကျပ်မှုများ ပြုလုပ်ရန် အစိုးရက စဉ်းစားနေသည်ဟု ဝန်ကြီးချုပ်က ဆက်လက်ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်ခံရသူပေါင်း ၃၇၁ ဦးထပ်မံတွေ့ရှိခဲ့ပြီး စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၁၉၀၇၇ ဦးအထိ ရှိလာသည်။

ကိုဗစ် - ၁၉ ကူးစက်မှု ပြန်လည်တိုးလာခြင်းကြောင့် ဆိုးလ်မြို့နှင့် အနီးပတ်ဝန်းကျင်ဒေသများတွင် လူမှုဝေးကွာအဆင့်၂ ကန့်သတ်ချက်ကို ဩဂုတ် ၁၆ ရက်မှစတင်ကာ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ဆိုးလ်မြို့တွင် တောင်ကိုရီးယားလူဦးရေ၏ တစ်ဝက်နီးပါးခန့် မှီတင်းနေထိုင်လျက်ရှိသည်။

**ဆင်ဟွာ**

## ကိုဗစ် - ၁၉ စတင်ဖြစ်ပွားသည့်အချိန်မှစ၍ ကင်မရွန်းနိုင်ငံတွင် လေလွင့်ကလေးငယ်ပေါင်း ၁၆၀ ကယ်တင်ခဲ့

**ယာအွန်ဒီ ဩဂုတ် ၂၈**

ကင်မရွန်းနိုင်ငံတွင် ကိုဗစ် - ၁၉ စတင်ဖြစ်ပွားသည့် အချိန်မှစတင်ကာ အိမ်နီးချင်းနိုင်ငံများမှ ကလေးများအပါအဝင် လေလွင့်ကလေးပေါင်း ၁၆၀ ကို ကယ်တင်နိုင်ခဲ့သည်ဟု လူမှုရေးရာဝန်ကြီးပေါလ်လင်း အီရင်းန်ျူရင်းက ဩဂုတ် ၂၇ ရက်တွင် ပြောကြားခဲ့သည်။

**ကလေးများ ကူးစက်မခံရ**

ဧပြီ ၁ ရက်မှစတင်ကာ လမ်းပေါ်မှကလေးငယ်များအား ကယ်တင်ခြင်းလုပ်ငန်းလုပ်ကိုင်ခဲ့ပြီး ကလေးများကို ကောင်းမွန်စွာ စောင့်ရှောက်ထားကြောင်း လူမှုရေးရာဝန်ကြီး ပေါလ်လင်း အီရင်းန်ျူရင်းက ကိုဗစ် - ၁၉ တိုက်ဖျက်ရေးအစည်းအဝေးပွဲတွင် ပြောကြားခဲ့သည်။

ကင်မရွန်းနိုင်ငံတွင် ကိုဗစ် - ၁၉ စတင်ကူးစက်မှုကို မတ် ၆ ရက်မှစတင်ကာ တွေ့ရှိခဲ့သော်လည်း လမ်းပေါ်မှ ကလေးငယ်တစ်ဦးကိုမှ ကူးစက်ခဲ့ခြင်းမရှိကြောင်း၊ လမ်းပေါ်မှ ကလေးများကို ထိန်းသိမ်းစောင့်ရှောက်ရေး အစီအစဉ်၏ အကျိုးသက်ရောက်မှုပင်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**အလေးအနက်ထားပြောကြား**

ဝန်ကြီးချုပ် ဂျိုးဆက်ဒိုင်အွန် နာဂူတီကလည်း ထိခိုက်ခံစားလွယ်သည့် ကလေးငယ်များကို ကိုဗစ် -၁၉ ကူးစက်မှုမှ ကင်းဝေးစေရေးစောင့်ရှောက်ပေးကြရန် အလေးအနက်ထား ပြောကြားခဲ့သည်။ ဩဂုတ် ၂၈ ရက်အထိ ကင်မရွန်းနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၁၉၁၄၂ ဦး ရှိပြီး သေဆုံးသူ ၄၁၁ ဦးရှိကြောင်း အစိုးရက ပြောသည်။

**ဆင်ဟွာ**

## ဆန္ဒပြပွဲများအတွင်း အမေရိကန်ရှိ အားကစားပွဲများ ဖျက်သိမ်း

**နယူးယောက် ဩဂုတ် ၂၈**

မကြာသေးမီကာလက ဝီကွန်ဆင်တွင် လူမည်းတစ်ဦးကို ရဲများက ပစ်ခတ်ပြီးနောက် အမေရိကန်အားကစားလောကတွင် ဆန့်ကျင်ဆန္ဒပြမှုများ ဖြစ်ပွားလျက်ရှိသည်။

ထို့ကြောင့် ဩဂုတ် ၂၆ ရက်မှစတင်ကာ ပရော်ဖက်ရှင်နယ် အားကစားပြိုင်ပွဲများကို ဖျက်သိမ်းထားပြီး ကစားသမားအများစုမှာလည်း အားကစားပွဲများကို သပိတ်မှောက်ထားကြသည်။ မေဂျာလိဂ် အားကစားပြိုင်ပွဲ ၁၅ ခုမှ ခုနစ်ခုကိုလည်း ဩဂုတ် ၂၇ ရက်တွင် ဖျက်သိမ်းခဲ့သည်။

ထို့ပြင် အမျိုးသားဘတ်စကက်ဘောအသင်းကြီးကလည်း အားကစားပွဲ သုံးပွဲကို ဖျက်သိမ်းခဲ့ရသည်။ အမျိုးသားဘတ်စကက်ဘော အသင်း၏အားကစားသမား ၈၀ ရာခိုင်နှုန်းမှာ လူမည်းများ ဖြစ်ကြသည်။

ဩဂုတ် ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် အားကစားပြိုင်ပွဲများ ပြန်လည်စတင်နိုင်ရေး အမျိုးသားဘတ်စကက်ဘောအသင်းကြီးမှ တာဝန်ရှိသူများ ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**




အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ ဖျက်သိမ်းထားသည်ကို တွေ့မြင်ရစဉ် ။

# အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံး တစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှု စစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့် မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၇၁ ရက်သာ**

**လိုတော့သည်။**

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ ရနိုင်သည်။

## ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

- ➢ သာသနာ့ဝန်ထမ်း၊
- ➢ ထောင်ဒဏ်ကျခံနေရသူ၊
- ➢ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
- ➢ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊
- ➢ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊
- ➢ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ဖြစ်သည်။

## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- ❖ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊
- ❖ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- ❖ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- ❖ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ❖ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်း၊ ဒုံဟီးနှင့် ပန်ဆောင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးလျက်ရှိ

**နန်းယွန်း သြဂုတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်း၊ ဒုံဟီးနှင့် ပန်ဆောင်မြို့နယ်များ၌ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်း ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေး အတွက် နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသောသူများကို အဖွဲ့သုံးဖွဲ့ခွဲပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



နန်းယွန်းမြို့နယ်တွင် ရပ်ကွက် သုံးခုနှင့် ကျေးရွာအုပ်စု ၁၆ အုပ်စု၊ ဒုံဟီးမြို့နယ်တွင် ရပ်ကွက် သုံးခု၊ ကျေးရွာအုပ်စု ၃၂ အုပ်စု၊ ပန်ဆောင်မြို့နယ်တွင် ရပ်ကွက် သုံးခု၊ ကျေးရွာအုပ်စု ကိုးအုပ်စု စုစုပေါင်း ရပ်ကွက် ကိုးခု၊ ကျေးရွာအုပ်စု ၅၇ အုပ်စုတွင် နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသူ ၃၀၀၀၀ ကျော်ကို အဖွဲ့သုံးဖွဲ့ခွဲပြီး ကွင်းဆင်းဆောင်ရွက်ပေးပြီးဖြစ်ကြောင်းနှင့် ကျန်ရှိနေသော ရပ်ကွက်၊ ကျေးရွာများကိုလည်း ဆက်လက်ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ နန်းယွန်းမြို့နယ် ဦးစီးမှူးရုံးမှ သိရသည်။

မွေးကြူဇင်





# ရောဂါပိုးမပြန့်စေချင်

အခုအချိန်မှာ ရခိုင်ပြည်နယ်က တချို့ပြည်သူတွေက ပြင်ပကိုထွက်ချင်ကြတယ်။ ပြင်ပမှာပိုပြီးတော့ လုံခြုံတယ်လို့ထင်ကြတယ်။ ရောဂါပိုးဝင်နေပြီဆိုရင် ဘယ်သွားသွား ရောဂါပိုးက ပါသွားမှာ ဖြစ်ပါတယ်။ ဒီရောဂါပိုးဟာ ကိုယ်နဲ့ပါလာမှာပဲ၊ ရခိုင်ပြည်နယ်အတွင်းမှာပဲနေမယ်။ စစ်တွေအတွင်းမှာပဲနေမယ်။ ကူးစက်ပြန့်ပွားနေတဲ့ ဒေသမှာပဲနေမယ်ဆိုရင် ရောဂါပိုးရှိရင် ပိုပြီးတော့ မြန်မြန်ဆန်ဆန် တွေ့ရှိနိုင်မယ်။ ကုသမှုပေးနိုင်မယ်။ ကိုဗစ်ရောဂါက ကုသလို့မရတဲ့ ရောဂါမဟုတ်ပါဘူး။ စောစောစီးစီးတွေ့လေလေ ပိုပြီးတော့ ကုသမှုထိရောက်လေဖြစ်ပါတယ်။ အခု ပြည်နယ်တွေ၊ တိုင်းဒေသကြီးတွေကြားက နယ်နိမိတ်တွေကို ပိတ်ပါတယ်။ စစ်တွေဘက်က၊ ရခိုင်ပြည်နယ်ဘက်ကနေပြီးတော့ တခြားဘက်တွေကို မထွက်ဖို့ဆိုတာဟာ ရောဂါပိုးမပြန့်စေချင်လို့ဖြစ်ပါတယ်။ သက်ဆိုင်ရာ တခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကလည်း ဒီပိတ်ဆို့မှုထဲမှာ ထိထိရောက်ရောက်ပါဝင်ကြရမှာ ဖြစ်ပါတယ်။ ပိတ်ပင်ရေးဆိုတာ ကာကွယ်ရေးပါပဲ။ ကာကွယ်ရေးလို့ပဲ စဉ်းစားစေချင်ပါတယ်။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩဂုတ်လ ၂၄ ရက်နေ့တွင် ရခိုင်ပြည်နယ်အတွင်း COVID–19 ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေများနှင့်စပ်လျဉ်း၍ ပြည်သူသို့အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၄၁ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၆၄၃ ဦး ရှိသွားပြီ

နေပြည်တော် ဩဂုတ် ၂၈

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ၄၁ ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၆၄၃ ဦး ရှိသွားပြီဖြစ်ပြီး ပိုးတွေ့ရှိသူ ၄၁ ဦးမှာ ယူအေအီးနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ နှစ်ဦး၊ ကိုရီးယားသမ္မတနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ တစ်ဦး၊ စင်ကာပူနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ တစ်ဦး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ တစ်ဦးနှင့် ပြည်ပသို့ ခရီးသွားရာဇဝင်မရှိသူ ၃၆ ဦး ဖြစ်ကြောင်း သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၆၄၃ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ ၃၄၉ ဦး၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၃၃၉ ဦးနှင့် ဩဂုတ် ၂၇ ရက် မွန်းတည့် ၁၂ နာရီမှ ဩဂုတ် ၂၈ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၆၁ ဦးရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၅၃၈၂၁ | ၆၄၃ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၃၄၉ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၇၄၅၇

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၃၃၉ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၃၂၀ | ၅ |
| ၂ | ရခိုင် | ၂၄၃ | |
| ၃ | ချင်း | ၁၉ | |
| ၄ | စစ်ကိုင်း | ၁၀ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၈ | |
| ၇ | ကရင် | ၆ | |
| ၈ | ရှမ်း(တောင်) | ၅ | |
| ၉ | မန္တလေး | ၅ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၂ | |
| | စုစုပေါင်း | ၆၄၃ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၈–၈–၂၀၂၀ ရက်၊ ည (၈:၀၀) နာရီ

## ၂၈-၈- ၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၀၄၉၄၄၀ | ၃၃၄၈၇၈၄ | ၁၈၄၉၂၇ |
| ၂။ | ဘရာဇီး | ၃၇၆၄၄၉၃ | ၂၉၄၇၂၅၀ | ၁၁၈၇၂၆ |
| ၃။ | အိန္ဒိယ | ၃၃၉၅၇၉၆ | ၂၅၈၉၀၀၁ | ၆၁၇၅၅ |
| ၄။ | ရုရှား | ၉၈၀၄၀၅ | ၇၉၈၄၆၆ | ၁၆၉၁၄ |
| ၅။ | ပီရူး | ၆၂၁၉၉၇ | ၄၂၉၆၆၂ | ၂၈၂၇၇ |
| ၆။ | တောင်အာဖရိက | ၆၁၈၂၈၆ | ၅၃၁၃၃၈ | ၁၃၆၂၈ |
| ၇။ | ကိုလံဘီယာ | ၅၈၂၀၂၂ | ၄၁၇၇၉၃ | ၁၈၄၆၈ |
| ၈။ | မက္ကဆီကို | ၅၇၉၉၁၄ | ၄၀၀၄၇၉ | ၆၂၅၉၄ |
| ၉။ | စပိန် | ၄၅၁၇၉၂ | မိစစ်ဆဲ | ၂၈၉၉၆ |
| ၁၀။ | ချီလီ | ၄၀၄၁၀၂ | ၃၇၇၉၂၂ | ၁၁၀၇၂ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၈– ၈ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၂၀၉၅၄၄ | ၁၃၄၄၇၄ | ၃၃၂၅ |
| အင်ဒိုနီးရှား | ၁၆၅၈၈၇ | ၁၂၀၉၀၀ | ၇၁၆၉ |
| စင်ကာပူ | ၅၆၆၆၆ | ၅၅၁၃၉ | ၂၇ |
| မလေးရှား | ၉၃၀၆ | ၉၀၃၀ | ၁၂၅ |
| ထိုင်း | ၃၄၁၀ | ၃၂၃၇ | ၅၈ |
| ဗီယက်နမ် | ၁၀၃၈ | ၆၆၃ | ၃၀ |
| မြန်မာ | ၆၄၃ | ၃၄၉ | ၆ |
| ကမ္ဘောဒီးယား | ၂၇၃ | ၂၆၅ | ၀ |
| ဘရူနိုင်း | ၁၄၄ | ၁၃၉ | ၃ |
| လာအို | ၂၂ | ၂၀ | ၀ |

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၈-၈-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ

၁။ (၂၇-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL)မှ ထပ်မံ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၅၆၄)ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR)မှ ထပ်မံ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၂၅)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ(၃၂) ခုတို့တွင်-
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၆)ဦး တွေ့ရှိခဲ့ရပါသည်။

၂။ သို့ဖြစ်ရာ (၂၇-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL)မှ (ပထမ+ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၁၁၂၇)ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR)မှ ဓာတ်ခွဲနမူနာ (၃၅၁)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)မှ ဓာတ်ခွဲနမူနာ (၁၈၇)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်)မှ ဓာတ်ခွဲနမူနာ (၂၅၆)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၇) ခုနှင့်
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၃၂) ခု
- နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် (၁,၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၆) ခုနှင့်
- စုစုပေါင်း (၁,၉၇၆)ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပါသည်။

၃။ (၂၈-၈-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၆၂၈)ဦး ရှိပြီ ဖြစ်ပါသည်။

၄။ ဓာတ်ခွဲစစ်ဆေးပြီးစီးချိန်နှင့်သတင်းထုတ်ပြန်ချိန်အကြား အချိန်တိုတောင်းခြင်းကြောင့် ဓာတ်ခွဲအတည်ပြုလူနာသစ်များ၏ သတင်းအချက်အလက်များကို ထပ်မံထုတ်ပြန်မည် ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက် (၂၈-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| | |
|---|---|
| (၂၇-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ ထပ်မံ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၆၄) ခု |
| (၂၇-၈-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန(DMR)မှ ထပ်မံ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၅) ခု |
| (၂၇-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၂) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၂၆) ဦး |

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှု အခြေအနေထုတ်ပြန်ချက် (၂၈-၈-၂၀၂၀)ရက်နေ့၊ နံနက်(၈:၀၀)နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၂၆) ဦး | (၆၂၈) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၃၄၅) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

### (၂၇-၈-၂၀၂၀)ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု (၂၈-၈-၂၀၂၀)ရက်နေ့၊ နံနက် (၉:၃၀) နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/ မ | နေရပ်လိပ်စာ | COVID-19 ရောဂါအတည်ပြု လူနာများ နှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 603 | ၂၃ | ကျား | ကျောက်ဖြူမြို့နယ် (ရခိုင်ပြည်နယ်) | ရှိ (Case -505) | မရှိ | ပြည်သူ့ဆေးရုံ၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့) |
| 604 | ၂၉ | ကျား | ကျောက်ဖြူမြို့နယ် (ရခိုင်ပြည်နယ်) | ရှိ (စိစစ်ဆဲ) | မရှိ | ပြည်သူ့ဆေးရုံ၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့) |
| *605 | ၄၄ | ကျား | ကျောက်ဖြူမြို့နယ် (ရခိုင်ပြည်နယ်) | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ကျောက်ဖြူမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံ၊ ကျောက်ဖြူမြို့ |
| *606 | ၄၂ နှစ် | မ | တောင်ငူမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး တောင်ငူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (တောင်ငူမြို့နယ်) |
| *607 | ၅၁ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-416) | မရှိ | ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 608 | ၂၈ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-416) | မရှိ | ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 609 | ၁၇ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-416) | မရှိ | ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 610 | ၇ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-416) | မရှိ | ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 611 | ၄၁ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-434) | မရှိ | ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 612 | ၁၃ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-434) | မရှိ | ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 613 | ၅၀ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-410) | မရှိ | ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 614 | ၂၆ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-436) | မရှိ | ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 615 | ၂၈ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-436) | မရှိ | ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 616 | ၄၂ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-438) | မရှိ | ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 617 | ၃၁ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 618 | ၅၂ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 619 | ၂၄ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-428, 528) | မရှိ | ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 620 | ၃၈ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 621 | ၇၂ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 622 | ၁၇ နှစ် | မ | မောင်တောမြို့နယ် ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ မောင်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မောင်တောမြို့နယ်) |
| 623 | ၃၅ နှစ် | မ | မောင်တောမြို့နယ် ရခိုင်ပြည်နယ် | ရှိ (Case-557) | မရှိ | ပြည်သူ့ဆေးရုံ မောင်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မောင်တောမြို့နယ်) |
| 624 | ၃၆ နှစ် | ကျား | မောင်တောမြို့နယ် ရခိုင်ပြည်နယ် | ရှိ (Case-557) | မရှိ | ပြည်သူ့ဆေးရုံ မောင်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မောင်တောမြို့နယ်) |
| 625 | ၆၈ နှစ် | ကျား | မောင်တောမြို့နယ် ရခိုင်ပြည်နယ် | ရှိ (Case-557) | မရှိ | ပြည်သူ့ဆေးရုံ မောင်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မောင်တောမြို့နယ်) |
| 626 | ၅၀ နှစ် | မ | မောင်တောမြို့နယ် ရခိုင်ပြည်နယ် | ရှိ (Case-560) | မရှိ | ပြည်သူ့ဆေးရုံ မောင်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မောင်တောမြို့နယ်) |
| 627 | ၂၂ နှစ် | ကျား | မောင်တောမြို့နယ် ရခိုင်ပြည်နယ် | ရှိ (Case-560) | မရှိ | ပြည်သူ့ဆေးရုံ မောင်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မောင်တောမြို့နယ်) |
| *628 | ၃၈ နှစ် | ကျား | ပေါက်တောမြို့နယ် ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ ပေါက်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ပေါက်တောမြို့နယ်) |

*** စစ်တွေမြို့သို့ ခရီးသွားရာဇဝင်ရှိ၍ အသွားအလာကန့်သတ်ထားရှိသူ**

### ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေးအတွက် ရောဝတီဖောင်ဒေးရှင်းက စစ်တွေပြည်သူ့ဆေးရုံကြီးသို့ အလှူငွေနှင့်ပစ္စည်းများ လှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၈**

ရောဝတီဖောင်ဒေးရှင်း တာဝန်ရှိသူများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ကုသရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေသည့် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ စစ်တွေပြည်သူ့ဆေးရုံသို့ ဩဂုတ် ၂၇ ရက်က ရောဂါကာကွယ် ကုသရေးပစ္စည်းများနှင့် အလှူငွေများ သွားရောက်လှူဒါန်းသည်။

စစ်တွေမြို့နယ် ပြည်သူ့ဆေးရုံကြီးအတွက် ငွေကျပ်သိန်း ၁၆၀ တန်ဖိုးရှိ အရေးပေါ်လိုအပ်နေသော ကာကွယ်ကုသရေး ပစ္စည်းများနှင့် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်လျက်ရှိကြသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများအတွက် ကျပ်သိန်း ၁၂၀ စုစုပေါင်း ငွေကျပ်သိန်း ၂၈၀ ကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။

လှူဒါန်းခဲ့သော ပစ္စည်းများတွင် ချွဲစုပ်စက်လေးလုံး၊ Oxygen Concentrator ငါးလုံး၊ သွေးပေါင်တိုင်းစက် ၁၀ ခု၊ အပူချိန်တိုင်းကိရိယာ ငါးခု၊ Gown Sterilize SMS ၁၅၀၊ Patient Monitor နှစ်လုံး၊ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၁၅၀၊ မျက်နှာဖုံး အခုရေ ၂၀၀၀၀ နှင့် နှာခေါင်းစည်းများဖြစ်သည်။

**ရဲရင့်ရှိုင်း**

### COVID – 19 Call Center အချိန်ပြောင်းလဲဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၂၈**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID-19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိ သည်။

ယခုအခါတွင် COVID – 19 Call Center ခေါ်ဆိုမှု အချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ(**အစား**) နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၈-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၈-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်-

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၄၇၀)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၂၁) ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၁၈၈) ခု
